ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (6-1-2005) (၄၄၇၀)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့ လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့်ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများအသီးသီးပေးပို့ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၇ သို့** ☆

နိုင်ငံတော်သစ်ကို အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု အုတ်မြစ်ဖြင့် အခိုင်အမာတည်ဆောက်ကြရမည်

နိုင်ငံတော်တွင် သဘာဝသယံဇာတများ ကြွယ်ဝပါလျက် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ဆူပူမှုများ ကပ်ပါလာခဲ့ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုမရှိခဲ့သောကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပါသည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည့် သမိုင်းကြွေးတာဝန်ကို ပြန်ဆပ်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုအုတ်မြစ်ဖြင့် အခိုင်အမာ တည်ဆောက်ကြရမည် ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက်ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ယနေ့အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်နံတစ်လျား၌ ငြိမ်းချမ်းရေးအရသာပြည့်ပြည့်ဝဝခံစားနေရ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားအားလုံး စုပေါင်းစွမ်းအားဖြင့် အကောင်အထည်ဖော်လျက်ရှိ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားများ လူနေမှုဘဝတိုးတက်မြင့်မားရေး စနစ်တကျ ဆောင်ရွက်ပေးနေ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၆–၁–၂၀၀၅
(ကြာသပတေးနေ့)

ပညာရေးအခြေခံကောင်းများ ထိန်းသိမ်းမြှင့်တင် ဘက်စုံထူးချွန်သူများ ဖြစ်ထွန်းလာရေး ကြိုးပမ်းစွမ်းဆောင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များ အံ့မခန်းတိုးတက်ပြောင်းလဲလျက်ရှိရာနိုင်ငံတိုင်းက အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် ပညာတတ်နိုင်ငံသားများ မွေးထုတ်နိုင်ရေးအတွက် ပညာရေးဆိုင်ရာ အစီအမံများကို ချမှတ်လုပ်ဆောင်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏စွမ်းပကားဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပါဝင်စွမ်းဆောင်နိုင်ရန် လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုအခြေခံရလဒ်ကောင်းများကို အနာဂတ်ကာလတိုင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်မည့် မျိုးဆက်သစ် ကျောင်းသားလူငယ်များကို ဘက်စုံထူးချွန်သည့် သားကောင်းသမီးမွန်များအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍက အားပေးမြှင့်တင်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၃ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီး ဘက်စုံထူးချွန်ဆုရကျောင်းသူ၊ ကျောင်းသားများအား ဆုများချီးမြှင့်ခဲ့ သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **ယနေ့အောင်မြင်ဖြစ်ထွန်းနေသည့် ပညာရေး ရေခံ၊ မြေခံ အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရန် ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများအားလုံး အပြည့်အဝလက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ရင်း မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရသည့် ဘက်စုံထူးချွန်ထက်မြက်သော၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းစွမ်းဆောင်ပေးကြပါ** ဟူ၍ မှာကြားခဲ့သည်။

ယနေ့ကာလတွင် မျိုးဆက်သစ် ကျောင်းသား လူငယ်များကို မျက်မှောက်ခေတ်နှင့် အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် သင်ကြားပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများနှင့် အမျိုးသားရေးတန်ဖိုးကို လေးစားမြတ်နိုး ထိန်းသိမ်းမြှင့်တင်နိုင်မည့် အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်ကျည်စေရန်လည်း လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် သင်ယူမှုအခွင့်အလမ်း မြင့်မားတိုးတက်ရေးအတွက်နိုင်ငံတစ်ဝန်းတွင် ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အခြေခံပညာကဏ္ဍတွင် နိုင်ငံတစ်ဝန်းလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ ကျောင်း ဖွင့်လှစ်ပေးထားပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေး စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်း၏ ရလဒ်အဖြစ် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် သူငယ်တန်းကျောင်းနေရွယ် ကလေးဦးရေ၏ ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းအထိ ကျောင်းတက်ရောက်လာသည်ကို တွေ့ရသည်။

နိုင်ငံတော်တစ်ဝန်း တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဘွဲ့လွန်ပညာကဏ္ဍ၌ ပါရဂူတန်းအထိ ဖွင့်လှစ်ကာ ဘာသာရပ်အသီးသီးတွင် ပါရဂူဘွဲ့ရပညာရှင်များကို မွေးထုတ်ပေးလျက်ရှိနေပြီဖြစ်သည်။

ယင်းကဲ့သို့ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့် ပညာကဏ္ဍတို့ကို စနစ်တကျ ချိတ်ဆက်၍ အမျိုးသားပညာရေး အဆောက်အအုံကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရေး ကြိုးပမ်းလျက်ရှိရာအရည်အသွေးမြင့်မားသည့် ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များစွာ ဖြစ်ထွန်းတိုးပွားလာလျက်ရှိသည်။

သို့ဖြစ်ရာ ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် မိဘပြည်သူများအားလုံးက ရရှိဖြစ်ထွန်းနေသော ပညာရေး ရေခံ၊ မြေခံ အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း ဘက်စုံထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာရေးအတွက် ဝိုင်းဝန်းပံ့ပိုး ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ဩဝါဒ

"လွတ်လပ်ရေးထက် တန်ဖိုးအနဂ္ဃထိုက်တန်ကြီးမြင့်သောအရာသည်မရှိ၊ ကမ္ဘာတည်သရွေ့ မြန်မာ့လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ထက်သန်သည့် မိမိတို့တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့"

နယ်စပ်/ စည်ပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တောင်ကြီးမြို့ စည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဇန်နဝါရီ ၂ရက် မွန်းလွဲ ၂နာရီတွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့နယ် ပန်းခြံနှင့် ပျိုးဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက ပျိုးဥယျာဉ်အတွင်း သတ်မှတ်ထားသော ပျိုးပင်အရေအတွက်ကို အမြဲတမ်း ပြည့်မီစေရန်၊ ပန်းခြံအတွင်း ပန်းအလှပင်များ ဆယ့်နှစ်ရာသီလုံး ဝေဆာစွာဖူးပွင့်နေစေပြီး အစဉ် စိမ်းလန်းစိုပြည်နေစေရေး ဆောင်ရွက်ထားရန်နှင့် မြက်ခင်းအလှပြုပြင်ရေးကို စံပြဖြစ်ရေး ဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မင်းရဲကျော်စွာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို တို့က ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လမ်းများအား သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းအရည်အသွေး ကောင်းမွန်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က အစဉ်အမြဲကြီးကြပ်စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ဆောင်ရွက်လျက်ရှိ

အဆိုပါလမ်းသည် အရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေရှိပြီး စုစုပေါင်းကုန်ကျငွေကျပ် ၂၁သိန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့နယ်ပန်းခြံနှင့် ပျိုးဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်စည်ပင်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

ငါတို့မြေ

☆ လျှိုနှင့် မြောင်ကြော၊ တောင်နှင့် တောလည်း
သာမောပေသည် ငါတို့ပြည်။

☆ စေတီနှင့် ကျောင်း၊ ကန်နှင့် ချောင်းလည်း
တင့်ကောင်းပေသည် ငါတို့ပြည်။

☆ မေတ္တာ သစ္စာ၊ စေတနာလည်း
ဝေဆာပေသည် ငါတို့ပြည်။

☆ ငါတို့ပြည်ကား
နေခြည်ထဲတွင်၊ ရွှေခဲဆင်သို့
ကောက်ပင်သီးနှံ၊ ပွင့်ပန်းမန်တို့
အလျှံပယ်မျှ၊ ပေါကြွယ်လှ၏။

☆ ငါတို့ပြည်ကား
လေပြည်ထဲတွင်၊ မြခဲဆင်သို့
ကျွန်းပင်စိမ်းစိမ်း၊ တောစိမ်းစိမ်းနှင့်
နွဲ့ယိမ်းနွဲ့လျ၊ ရှုတိုင်းလှ၏။

☆ အလှရွှေပြည်၊ ငါတို့ပြည်အား
ချစ်ကြည်သောစိတ်၊ မြတ်နိုးစိတ်ဖြင့်
အေးရိပ်ဝေဝေ၊ ခိုင်မြဲစေရန်
ရေကြည်မြနှစ်၊ ဖူးပရစ်နှင့်
ပျိုမျစ်ရွှင်လန်း၊ စဉ်ငြိမ်းချမ်းလျက်
ပန်းစုံပွင့်ကာ၊ ရှုတိုင်းသာရန်
ကာကွယ်နိုင်ဖို့၊ ထိန်းသိမ်းဖို့လျှင်
ငါတို့တာဝန် ပေတကား။ ။

စိုးမိုး(ပုသိမ်)

သုတဘဏ်စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က သုတဘဏ် စာတမ်းဖတ်ပွဲများကို ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဆရာမောင်ဝင့်သူက ဘာသာပြန်ကိုယ်တွေ့ပြဿနာများ စာတမ်းနှင့် ဆရာသုရဇော်က အချိုးကဗျာစာတမ်းများကို အမှတ် (၅၂၉) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ ဟောပြောပွဲ ခန်းမဆောင်၌ ဖတ်ကြားမည်ဖြစ်ရာ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက် နားထောင်နိုင်သည်။

(သတင်းစဉ်)

ထူးချွန်ထက်မြက် ပြည်သူ့အတွက်

မန်းခင်ခင်

ဟေမန္တ ဆောင်းရာသီ၏ ငွေနှင်းမှုန်များနှင့်အတူ တပ်မတော်၏ စစ်ကျောင်းတော်ကြီးများမှ သားကောင်းရတနာလေးများ မွေးဖွားသန့်စင်လာခဲ့ပေပြီ။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲအခမ်းအနား၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားများကို တီဗွီဖန်သားပြင်ပေါ်မှာ ရှုမြင်လိုက်ရပါသည်။

သွက်လက်ထက်မြက်သော၊ အရည်အသွေးပြည့်ဝသော၊ နိုးကြားဖျတ်လတ်သော စံပြသားကောင်းရတနာလေးများကို ရှုမြင်ရသော ပြည်သူများမှာ များစွာဂုဏ်ယူဝမ်းမြောက်ကာ ပီတိသောမနဿ ဖြစ်ကြရမည်မှာ သေချာလှပေသည်။ အမှန်စင်စစ် ဤသားကောင်းရတနာကလေးများသည် ပြည်သူက မွေးဖွားပေးလိုက်သော ပြည်သူ့သည်းချာ သားလှရတနာကလေးများပင် ဖြစ်၏။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဤသားလှရတနာကလေးများသည် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်စွမ်းဆောင်ကြတော့မည်မှာ မလွဲဧကန် သေချာလှပါပေ၏။

ကျွန်မတို့ မြန်မာနိုင်ငံတော်ကြီးမှာ စစ်ဘက်ဆိုင်ရာ၊ စက်မှုဘက်ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ၊ စိုက်ပျိုးရေးဘက်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ကွန်ပျူတာပညာဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ဝိဇ္ဇာသိပ္ပံ အတတ်ပညာဆိုင်ရာ တက္ကသိုလ်ကြီးများ များစွာရှိပါသည်။ ထိုတက္ကသိုလ်ကြီးများမှ နိုင်ငံတော်၏ အနာဂတ်အတွက် နှစ်စဉ် မွေးထုတ်ပေးနေသော သားလှရတနာ၊ သမီးလှရတနာကလေးများစွာတို့သည် တိုင်းပြည်၏ အင်အားများပင် ဖြစ်ပေသည်။ ဤအင်အားစုများတွင် တပ်မတော်သားအဖြစ် တိုင်းပြည်တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ကြမည့် ယောကျာ်းကောင်း ယောကျာ်းမြတ် သားကောင်းရတနာကလေးများလည်း အပါအဝင်ပင် ဖြစ်ကြပါသည်။

ယနေ့ကာလသည် နိုင်ငံတော်အတွင်းမှာ လူမှုရေး၊ စီးပွားရေးမှအစ အဘက်ဘက်တွင် တိုးတက်လျက်ရှိနေပေသည်။ လမ်းတံတားများ၊ လူနေအဆောက်အအုံများ၊ ဆေးရုံနှင့် ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ အဆင့်မြင့်တက္ကသိုလ်ကြီးများ စသည်ဖြင့် အဘက်ဘက်မှ တိုးချဲ့တည်ဆောက်နိုင်သည်မှာ ရင်သပ်ရှုမော အံ့သြဖွယ်ရာပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တိုင်းပြည်ကြီး တိုးတက်၍ အဘက်ဘက်မှ အင်အားရှိနေသော အချိန်ဖြစ်သည်ဟုပင် ဆိုရမည်ဖြစ်ပါသည်။ တိုင်းပြည်အင်အားရှိလာချိန်တွင် တပ်မတော်ကိုလည်း အင်အားရှိသော တပ်မတော်ကြီးအဖြစ် တည်ဆောက်ပြီး တိုင်းပြည်ကို ပြန်လည် ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းရသည်မှာ သဘာဝကျလှပါသည်။

ယနေ့ တပ်မတော်သည် ယောကျာ်းမြတ်တို့၏ မြင့်မြတ်သော အရည်အချင်းများ၊ ကျင့်သုံးရမည့် လမ်းစဉ်ကောင်းများ၊ ထားရှိရမည့် စိတ်နှလုံးသားများနှင့် တိုင်းပြည်အပေါ် ကျေးဇူးတုံ့ပြန်ရမည့် နည်းလမ်းများကို ဖော်ကျူးလှစ်ဟနေသည့် မျိုးချစ်တပ်မတော်ပင် ဖြစ်ပေသည်။

ယနေ့ လူငယ်လူရွယ်တိုင်းသည် တိုင်းပြည်ကို ချစ်ဖို့လိုသည်။ လူမျိုးကို ချစ်ဖို့လိုသည်။ ဇာတိသွေး၊ ဇာတိမာန် ထက်သန်ဖို့ လိုသည်။ မိမိတို့တိုင်းပြည်၊ မိမိတို့ လူမျိုးကောင်းစားရေးအတွက်၊ အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးရေးအတွက် မိမိတို့တတ်ကျွမ်းသည့် ပညာရပ်ကိုယ်စီဖြင့် အကျိုးပြုရပေသည်။ ကျန်းမာရေး ဆေးပညာ၊ ကွန်ပျူတာပညာ၊ စီးပွားရေးပညာ၊ စက်မှုဆိုင်ရာပညာ၊ ဝိဇ္ဇာ-သိပ္ပံ အတတ်ပညာ စသည့် ပညာပေါင်းစုံတွင် ကျွမ်းကျင်ရာလိမ္မာဆိုသလို ကိုယ်တတ်ကျွမ်းရာပညာဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုရပေမည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်က သင်တန်းဆင်းသွားခဲ့ပြီဖြစ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇)မှ သင်တန်းဆင်း ဗိုလ်လောင်းများသည် ယခုအခါ တပ်မတော်တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေး ခန့်အပ်ခြင်းခံရပေပြီ။ အလားတူပင် ဒီဇင်ဘာလ ၃၁ ရက်နေ့က သင်တန်းဆင်းသွားခဲ့ပြီဖြစ်သော တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းဆင်း ဗိုလ်လောင်းများသည်လည်း တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု တာဝန်အပြင် နယ်စပ်ဒေသ တိုင်းရင်းသားများ အပါအဝင် မိဘပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးကို စောင့်ရှောက်ပေးကြရမည့် တပ်မတော်အရာရှိများအဖြစ် တာဝန်ပေးအပ်ခြင်းခံရမည့် လူငယ်လူရွယ် သားရတနာကလေးများပင် ဖြစ်ပေသည်။

ဤမျိုးဆက်သစ် သားကောင်းရတနာကလေးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အဖိုးမဖြတ်နိုင်သော သားကောင်းရတနာကလေးများပင် ဖြစ်ပေသည်။ ဤသားရတနာကလေးများကို ပြည်သူက မွေးဖွားပေးသည်။ တပ်မတော်စစ်ကျောင်းတော်ကြီးများက ဤရတနာကလေးများကို မျိုးချစ်ရတနာကလေးများဖြစ်အောင် အရောင်တင်ပေးသည်။ လေ့ကျင့်ပေးသည်။ ယောကျာ်းကောင်း ယောကျာ်းမြတ်တို့ တတ်အပ်၊ သိအပ်သည့် ပညာရပ်များကို သင်ကြားပေးသည်။ ယခု ဤရတနာကလေးများသည် မျိုးချစ် ရတနာကလေးများအဖြစ် တိုင်းပြည်ကို အလုပ်အကျွေးပြုကြပေတော့မည်။ ဩော်-ဝမ်းသာဂုဏ်ယူဖွယ်ကောင်းလေစွတကား။

သူတို့သည် စာတွေ့နှင့် လက်တွေ့ကို ပေါင်းစပ်ပြီး တတ်ကျွမ်းသည့် ပညာရပ်များကို အသုံးချကာ မိဘပြည်သူတို့ကို လုပ်ကျွေးပြုစုကြပေတော့မည်။ တကယ်တော့ သူတို့အလုပ်အကျွေးပြုရမည့် မိဘပြည်သူတွေကလည်း သူတို့ကို လိုလားချစ်ခင်စွာ ကြိုဆိုလျက်ပါ။ မြန်မာ့မြေ၊ မြန်မာ့ရေသဘာဝသည်နေရာတိုင်းမှာ နေပျော်စရာအလှအပတွေရှိသလို နေရာတိုင်းမှာ ဖြူစင်ရိုးသား၍ စိတ်ထားမြင့်မြတ်သော တိုင်းရင်းသားတွေ နေထိုင်ကြသည်။ ယနေ့ကာလမှာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းသလို ပြည်သူလူထု၏ စားဝတ်နေရေး အဆင့်အတန်းတွေကလည်း မြင့်မားလာပေသည်။ ဒေသခံပြည်သူတိုင်းသည် တပ်မတော်နှင့်အတူ လက်တွဲပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နေကြသည်။ ထိုသို့ တည်ဆောက်နေကြသည့် အင်အားစုထဲသို့ မကြာမီက သင်တန်းဆင်းခဲ့သော အရာရှိငယ်၊ တပ်မှူးငယ်ကလေးများသည် တစ်တပ်တစ်အား ပါဝင်ကြပေတော့မည်။

သူတို့သည် မိမိတို့ရောက်ရှိရာဒေသ၏ ရေခံမြေခံ အခြေအနေကောင်းများကို လက်တွေ့ကျကျ လေ့လာရင်း လုံခြုံရေး၊ စီးပွားရေး၊ ကျန်းမာရေးမှအစ အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်ကြပေတော့မည်။ ဤသည်ပင်လျှင် တပ်မတော်၏ အစဉ်အလာကောင်းတစ်ရပ် မဟုတ်ပါလား။ တပ်မတော်သည် အမိနိုင်ငံတော်ကို အသက်၊ သွေး၊ ချွေးများစွာစွန့်လှူ၍ စောင့်ရှောက်ခဲ့သည်။ အမိနိုင်ငံတော်၏ လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစေရေးတို့အတွက် အသက်၊ သွေး၊ ချွေးများစွာစွန့်လှူ၍ ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်နေသည်မှာ ကာလရှည်ကြာခဲ့လေပြီ။

မွန်မြတ်သော အစဉ်အလာ(၁၂)ရပ်ကို ပိုင်ဆိုင်ထားသော တပ်မတော်သည် လွတ်လပ်ရေး ပြန်လည်ရရှိအောင် ပြည်သူတို့နှင့်အတူ လက်တွဲ၍ တိုက်ပွဲဝင်ပြီး ရယူပေးခဲ့သည်။ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရလေအောင်လည်း အသက်၊ သွေး၊ ချွေး များစွာပေး၍ ကာကွယ်စောင့်ရှောက်ခဲ့သည်။

ယနေ့ကာလတွင် လွတ်လပ်ရေးပန်းမညှိုးနွမ်းအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မည့် ပြည်သူ့သည်းချာ သားရတနာကလေးများကို နှစ်စဉ်မပြတ် မွေးထုတ်ပေးနေပါသည်။

ထူးချွန်ထက်မြက်သော ထိုသားရတနာကလေးများသည် နေရာဒေသ အသီးသီးတွင် ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်သူ့အတွက် အားထားရသော သားရတနာများ ဖြစ်လာပေတော့မည်။

ထိုသားရတနာကလေးများသည် အမိနိုင်ငံတော်အတွက်၊ မိဘပြည်သူတို့အတွက် အမြဲရည်သန်ဖွဲ့စိတ်မှန်လျက် ကောင်းမြတ်သော တာဝန်များကို ဖြောင့်ဖြူးစွာ ထမ်းဆောင်နိုင်ကြပါစေ။ အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ကြပါစေ။ ထူးချွန်ထက်မြက် ပြည်သူ့အတွက် ထာဝရ ပေးဆက်နိုင်သော သားကောင်းရတနာလေးများဖြစ်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

အောင်လံတလူလူ၊ လက်တွဲကူ
တူညီစိတ်ထား မြင့်ပါစေ။
မြို့ပြပြည်ရွာ၊ စည်ပင်သာ
ညီညာ အားထုတ်နိုင်ပါစေ။
ပြည်သူမွေးဖွား၊ ပြည်သူ့သား
စွမ်းအားဂုဏ်တင့် ဝင့်ပါစေ။
လွတ်လပ်မြန်ပြည်၊ အဓွန့်ရှည်
ကမ္ဘာတည်သရွေ့ မြဲပါစေ။ ။

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို တွေ့ရစဉ်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် Hotel Nikko Royal Lake Yangon မှ ငွေစာရင်းဌာနနှင့် ဝန်ထမ်းရေးရာ ဝန်ထမ်းများ၏ လှူဒါန်းငွေ အက်ဖ်အီးစီ ၁၀၀ ကို ဦးမျိုးခင်(အဖွဲ့ဝင်)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဘိဓမ္မာတရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ Yuzana Tower ပထမထပ် အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၈၊ ၉၊ ၁၀၊ ၁၆၊ ၂၃၊ ၂၉ ရက်နှင့် ဖေဖော်ဝါရီ ၅၊ ၁၂၊ ၁၉၊ ၂၆၊ ၂၇ ရက်များတွင် ညစဉ် ၇ နာရီ၌ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ [သာသနတက္ကသီလ မဟာဓမ္မာစရိယ၊ M.A(Buddhism)]က ဗုဒ္ဓဓမ္မ အဘိဓမ္မာတရားများကို ဟောကြားပို့ချမည်ဟု သိရသည်။ (က-ပ)

တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ ဉာဏ်မြင် သမထ ဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇန်နဝါရီ ၁၅ ရက်မှ ၂၄ ရက်ထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် ဓမ္မဒါန ပြုမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာ ဆိုင်အမှတ် (အက်စ်/၁၉)မှ ဦးကျော်လင်း၊ ဒေါ်ဒေစီကျော်လင်း (ဒေစီကျော်လင်း ပွဲထိုင်ဇာ မိသားစု)တို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းတစ်ထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကုလသမဂ္ဂ အလုံခြုံရေးကောင်စီ အဖွဲ့ဝင်သစ် ဂျပန်၊ ဒိန်းမတ်နှင့် အခြားသုံးနိုင်ငံတို့ အစားထိုးဝင်ရောက်

ကုလသမဂ္ဂ ဇန်နဝါရီ ၃

ကုလသမဂ္ဂ အလုံခြုံရေးကောင်စီအဖွဲ့ဝင်သစ်အဖြစ် ဂျပန်၊ ဒိန်းမတ်နှင့် အခြားသုံးနိုင်ငံတို့သည် အဖွဲ့ဝင်ဟောင်းများ ဖြစ်ကြသော ပါကစ္စတန်နှင့် အခြားလေးနိုင်ငံတို့၏နေရာကို အစားထိုးဝင်ရောက်လာသည်။

ဖွဲ့စည်းထား

ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အဖွဲ့ဝင်ပေါင်း ၁၅နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံနှင့် အမြဲတမ်းအဖွဲ့ဝင် မဟုတ်သော အလှည့်ကျအဖွဲ့ဝင် ၁၀နိုင်ငံ ပါဝင်သည်။ အလှည့်ကျ လုံခြုံရေးကောင်စီများ၏ သက်တမ်းသည် နှစ်နှစ် ဖြစ်သည်။

အစားထိုးဝင်ရောက်

တာဝန်လွှဲပြောင်းပေးခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံဟောင်းများမှာ ပါကစ္စတန်၊ အင်ဂိုလာ၊ ချီလီ၊ ဂျာမနီနှင့် စပိန်နိုင်ငံတို့ ဖြစ်သည်။ ၎င်းတို့၏ သက်တမ်းသည် ပြီးခဲ့သော ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးခဲ့ပြီဖြစ်သည်။ သက်တမ်းကုန်ဆုံးသွားသောနိုင်ငံများ နေရာတွင် ဂျပန်၊ အာဂျင်တီးနား၊ ဒိန်းမတ်၊ ဂရိနှင့် တန်ဇန်းနီးယားနိုင်ငံတို့ အစားထိုး ဝင်ရောက်လာသည်။

ရွေးချယ်တာဝန်ပေး

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်နှင့် တရုတ်နိုင်ငံတို့သည် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပြီး အခြား ၁၀နိုင်ငံတို့သည် အမြဲတမ်း အဖွဲ့ဝင် မဟုတ်သော အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။ ထို ၁၀ နိုင်ငံအနက်မှ ငါးနိုင်ငံတို့သည် နှစ်စဉ် အလှည့်ကျ သက်တမ်းကုန်ဆုံးကြသည်။ အမြဲတမ်း မဟုတ်သော အလှည့်ကျ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများကို ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက ရွေးချယ်တာဝန်ပေးသည်။

တာဝန်လွှဲပြောင်း

လာမည့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ကုလသမဂ္ဂ အလှည့်ကျ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော အာဂျင်တီးနား၊ ဘီနင်၊ ဘရာဇီး၊ ဖိလစ်ပိုင်နှင့် ရိုမေးနီးယားနိုင်ငံတို့သည် အဖွဲ့ဝင်အဖြစ် သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အခြားငါးနိုင်ငံတို့ကို တာဝန် လွှဲပြောင်းပေးရမည်ဖြစ်သည်။

ပြဋ္ဌာန်းထား

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအရ အလှည့်ကျ လုံခြုံရေးအဖွဲ့ဝင်အဖြစ်မှ သက်တမ်း ပြီးဆုံးသွားသော နိုင်ငံတစ်နိုင်ငံသည် သက်တမ်းကုန်ဆုံးပြီး လျှင်ပြီးချင်း အလှည့်ကျ လုံခြုံရေးကောင်စီဝင်အဖြစ် ချက်ချင်း ထပ်မံ အရွေးချယ်ခံပိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။

အမ်အင်အေ၊ ပီတီအိုင်။



အီရတ်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသော ဘတ်စ်ကားကို ဘာလက်မြို့၌ ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အမေရိကန် သံချပ်ကာတပ်ဖွဲ့များ လုံခြုံရေးဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြကြေးမုံ နိုင်ငံတကာ သတင်းများ

အက်ဖ်ဘီအိုင် ထောက်လှမ်းရေးအဖွဲ့ လေဆာရောင်ခြည်ဖြင့် တိုက်ခိုက်မည့်အန္တရာယ်ကို စုံစမ်းနေ

ဝါရှင်တန် ဇန်နဝါရီ ၃

လေဆာရောင်ခြည်ကို လေယာဉ်မောင်းခန်းဆီသို့ ဦးတည် ချိန်ရွယ်ပစ်လွှတ်သည့် ဖြစ်ရပ်နှစ်ခုကို ခရစ္စမတ်ကာလမှစပြီး အမေရိကန် ထောက်လှမ်းရေးအဖွဲ့ (အက်ဖ်ဘီအိုင်) က စုံစမ်းလျက်ရှိကြောင်း မီဒီယာသတင်းများက ဒီဇင်ဘာ ၃၀ ရက်တွင် ဖော်ပြသည်။

ဖော်ပြ

အက်ဖ်ဘီအိုင်သည် ကိုလိုရာဒိုပြည်နယ်တွင် လေဆာသုံးစွဲသည့် ဖြစ်ရပ်နှစ်ခုကိုလည်းကောင်း၊ အိုဟိုင်းယိုး၊ ဝါရှင်တန်၊ တက္ကဆက်၊ နယူးဂျာစီနှင့် အိုရီဂွန်ပြည်နယ်တွင် ဖြစ်ရပ်တစ်ခုစီကိုလည်းကောင်း စုံစမ်းလျက်ရှိကြောင်း တရားဥပဒေစိုးမိုးရေးနှင့် ပို့ဆောင်ရေး တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းများက ဖော်ပြသည်။

စိုးရိမ်မကင်း

လေဆာရောင်ခြည်သည် လေယာဉ်မှူးများကို ယာယီအားဖြင့် မျက်စိကွယ်စေနိုင်သည်၊ သို့မဟုတ် လေယာဉ်မှူးကို ဇဝေဇဝါဖြစ်စေကာ ၎င်းမောင်းနှင်သော လေယာဉ်ကို အန္တရာယ်ဖြစ်စေနိုင်သည်။ လေဆာရောင်ခြည်ကို လက်နက်များအဖြစ် အကြမ်းဖက်သမားများက အသုံးပြုလာနိုင်သည်ဟု အက်ဖ်ဘီအိုင်က စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

အကြံအစည်

လေဆာရောင်ခြည်ကို လက်နက်အဖြစ် အသုံးပြုလာမည့် အကြမ်းဖက်သမားများ၏ အကြံအစည်များကို ယခုအချိန်အထိ မတွေ့ရသေးသော်လည်း လေယာဉ်မှူးများမှာ ထိုသို့ဖြစ်လာမည်ကို သောကမအေးဘဲ စိတ်ပူနေကြသည်ဟု သိရသည်။

သတိပေးချက်ထုတ်ပြန်

အမေရိကန်တွင် အကြမ်းဖက်သမားများက လေဆာရောင်ခြည် အသုံးပြုမည်ဟူသော အထောက်အထား တစ်စုံတစ်ရာ မတွေ့ရသေးသော်လည်း လေဆာကိရိယာကို လက်နက်အဖြစ် အကြမ်းဖက်သမားများက အသုံးပြုလာနိုင်စရာရှိသည်ဟု ဒီဇင်ဘာလ စောစောပိုင်းတွင် အက်ဖ်ဘီအိုင်က သတိပေးချက် တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ၂၀၀၅-၂၀၀၇ ခုနှစ်တွင် ဒေါ်လာ၅၅ဘီလီယံလိုအပ်မည်

အဘူဒါဘီ ဇန်နဝါရီ ၃

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ၂၀၀၅-၂၀၀၇ ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံ လိုအပ်နေကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား ကိုးကား၍ ခါလီတိုင်းမ်သတင်းစာက ရေးသားလိုက်သည်။

အီရတ်စီမံကိန်း ဝန်ကြီးလည်းဖြစ်၊ မဟာဗျူဟာသုံးသပ်ရေး ဘုတ်အဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်သူ မာဒီဟာဖစ်သည် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) သို့ အလည်အပတ် သွားရောက်စဉ် ဒူဘိုင်း စက်မှုနှင့် ကုန်သည်ကြီးများ အသင်းတွင် အထက်ပါအတိုင်း တင်ပြခဲ့ခြင်းဖြစ်သည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

ယခုလက်ရှိအချိန်တွင် အီရတ်နိုင်ငံ၏ သဘာဝ အရင်းအမြစ်များမှ ရရှိသည့်ငွေဖြင့် ၂၀၀၅-၂၀၀၇ ခု ဘတ်ဂျက်နှစ်အတွက် ဖော်ပြပါငွေ၏ ထက်ဝက်ခန့်ကို အကြမ်းအားဖြင့် မတည်ပေးနိုင်ကြောင်း၊ သို့ရာတွင် မိမိတို့ ဖြည့်ဆည်းပေးနိုင်သည်ထက် ငွေကြေး ပိုမိုလိုအပ်လျက်ရှိကြောင်း သတင်းစာက ဟာဖစ်အား ကိုးကား ဖော်ပြသည်။

အီရတ်နိုင်ငံ၏ ဝင်ငွေသည် ရေနံကဏ္ဍပေါ်မှုတည်နေပြီး ရေနံမှရသော ဝင်ငွေသည် ဘတ်ဂျက်၏ ၉၅ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေကြောင်း ၎င်းက ပြောကြားသည်။

စစ်အတွင်း ပျက်စီးခဲ့သည့် ရေနံပိုက်လိုင်းများ ပြင်ဆင်ရေးတစ်ခုတည်းအတွက် စရိတ်သည်ပင် အမေရိကန် ဒေါ်လာ ခုနစ်ဘီလီယံဖြစ်ကြောင်း ဟာဖစ်က ပြောကြားသည်။

၂၀၀၅-၂၀၀၇ ခုနှစ်အတွက် အလှူရှင်နိုင်ငံများက ဒေါ်လာ ၃၃ ဘီလီယံ ပေးရန် ကတိကဝတ်ပြုထားကြောင်း၊ ယင်းအနက်မှ ၂၃ ဘီလီယံသည် အလှူငွေဖြစ်ပြီး နှစ်နိုင်ငံသဘောတူချေးငှားမှုအစီအစဉ်ဒေါ်လာ ၃ဒသမ၅ဘီလီယံ ရရှိမည်ဖြစ်ကြောင်း၊ ဒေါ်လာ ၅ဒသမ ၅ဘီလီယံသည် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ ချေးငွေဖြစ်ကြောင်း ၎င်းက ပြောကြားသွားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်အစောင့်တပ်ဖွဲ့ဝင်ငါးဦး သတ်ဖြတ်ခံရ

ဒူဘိုင်း ဇန်နဝါရီ ၃

အယ်ဇာကာဝီ ဦးဆောင်သည့် ခုခံတိုက်ခိုက်ရေးအဖွဲ့က ရဲတပ်ဖွဲ့ဝင် ငါးဦးကို သတ်ဖြတ်ခဲ့ပြီး အမေရိကန်ကို ထောက်ခံသည့် အီရတ်အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်သူမှန်သမျှ ယင်းကံကြမ္မာအတိုင်း ကြုံတွေ့ရမည်ဖြစ်ကြောင်း ပြောကြားသည်။ ရုပ်မြင်သံကြားတွင် အရပ်ဝတ် အရပ်စားဖြင့် လူငါးဦး တန်းစီနေပြီး ကျောဘက်မှ သေနတ်ဖြင့် ပစ်ခံရပုံကို ဖော်ပြထားသည်။

အရပ်ဝတ်ဖြင့် လူငါးဦး သေနတ်ဖြင့် အပစ်ခံရပြီး သေဆုံးခဲ့သော အလောင်းများကို အန်ဘာပြည်နယ်၏ မြို့တော် ရာမာဒီတွင် တနင်္လာနေ့က တွေ့ရှိခဲ့သည်။ ၎င်းလူများသည် ရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး ပြောက်ကျားများက သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်အရ သိရသည်။

ဖော်ပြ

၎င်းတို့သည် ဖောက်ပြန်ရေးသမားများဖြစ်ပြီး ဖောက်ပြန်ရေးသမား အာလာဝီ အစိုးရ၏ အပေါင်းပါများဖြစ်ကြောင်း၊ အမေရိကန်ကို ထောက်ခံသူများဖြစ်ကြောင်း၊ ၎င်းတို့က အီရတ်နိုင်ငံ အတွင်း ပြည်ပမှ အကြမ်းဖက်သမားများ မဝင်ရောက်ရေးအတွက် ကာကွယ်ရန် ဆင်ခြေပေးပြီး အီရတ်နိုင်ငံသားတို့၏ အိမ်ခြေယာခြေများကို တိုက်ခိုက် ဖျက်ဆီးနေကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့လမ်းစဉ်နောက်လိုက်သူများ ယင်းကံကြမ္မာနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း မျက်နှာဖုံးစွပ်ထားသည့် ခုခံ တိုက်ခိုက်ရေးသမားတစ်ဦးက ပြောကြားပုံကို ရုပ်မြင်သံကြားတွင် ဖော်ပြထားသည်။

ခုခံတိုက်ခိုက်ရေးသမား

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ အမျိုးသား အစောင့်တပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုအနေဖြင့် မိမိတို့၏သားချင်းများကို ထိုတာဝန်များထမ်းဆောင်ရန် ပေးပို့ခြင်းမရှိမီ နောက်ဆုံး နှုတ်ဆက်စကားပြောကြားနိုင်ကြောင်း၊ ၎င်းတို့အတွက်ရမည့်ဆုလာဘ်မှာ သတ်ဖြတ်ခံရမှုပင် ဖြစ်ကြောင်း ခုခံတိုက်ခိုက်ရေးသမား တစ်ဦးက ပြောကြားသည်။

ကြိမ်ဖန်များစွာ

အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် နှစ်ဒါဇင်နီးပါး အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ပြောက်ကျားများ၏ ပြန်ပေးဆွဲခံနေရသည်။ ပြောက်ကျားများက အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ ကြိမ်ဖန်များစွာ တိုက်ခိုက်လျက်ရှိသည်။ ***အင်တာနက်။***



ဖလူးဂျာမြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ကင်းလှည့်စောင့်ကြပ်နေသည်ကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားကား

မလေးရှားနိုင်ငံမှ ထုတ်လုပ်သော ပရိုတွန်ကားများအား အရောင်းပြခန်းတွင် ပြသထားသည်ကို ဇန်နဝါရီ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆားစ်ရောဂါသတိပေးစနစ် ပေကျင်းကျန်းမာရေးဌာန ဆောင်ရွက်

ပေကျင်း ဇန်နဝါရီ ၃

ပေကျင်း ကျန်းမာရေးဌာနသည် ယခု ဆောင်းရာသီနှင့်လာမည့်နွေဦးရာသီတွင် ဆားစ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆားစ်ရောဂါသတိပေးစနစ်တစ်ရပ်ကို သောကြာနေ့က စတင်ဆောင်ရွက်သည်။

ဆေးရုံကြီးများအနေဖြင့် အမျိုးအစားခွဲခြားမသိရသော အဆုတ်ရောင်ရောဂါကို ထိန်းချုပ်ရန် အသက်ရှူလမ်းကြောင်းနှင့် ကူးစက်ရောဂါကျွမ်းကျင်သူများပါဝင်သော အထူးကုအဖွဲ့တစ်ဖွဲ့စီ ဖွဲ့စည်းသင့်ကြောင်း ပေကျင်းကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ကျင်တဖိန့်က ပြောကြားသည်။

တာဝန်ပေးထား

ဆားစ်ရောဂါဆိုင်ရာ အထောက်အထားများ ရှာဖွေရန်နှင့် အမျိုးအစားခွဲခြားမသိရသော အဆုတ်ရောင်ရောဂါဖြစ်ပွားနေသော လူနာများထံမှ တံတွေးနှင့်သွေးနမူနာများ စုဆောင်းယူရန် ဆေးရုံ ၆၁ ရုံကို တာဝန်ပေးထားကြောင်း၊ဓာတ်ခွဲစစ်ဆေးရမည့် နမူနာပစ္စည်းများကို ၁၂ နာရီအတွင်း ပေကျင်း ရောဂါကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဌာနသို့ ပေးပို့ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အစီရင်ခံ

အောက်ဖော်ပြပါ လက္ခဏာများတွေ့ရှိပါက ဆေးရုံများသည် အထက်အဆင့်ဌာနများသို့ အစီရင်ခံရမည်။

(က) ဆေးရုံတစ်ရုံတွင် အမျိုးအစားခွဲခြားမသိရသော အဆုတ်ရောင်ရောဂါဖြစ်ပွားသူ သုံးဦးနှင့်အထက်ရှိလျှင်၊

(ခ) အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆေးကုဆောင်မှ ကျန်းမာရေးဝန်ထမ်းများတွင် အမျိုးအစားခွဲခြားမသိရသောအဆုတ်ရောင်ရောဂါ ဖြစ်ပွားသူတစ်ဦးရှိလျှင်၊

(ဂ) ကျန်းမာရေးဝန်ထမ်းများ၊ လူနာများ၊ ဧည့်သည်များတွင် အမျိုးအစားခွဲခြားမသိရသော အဆုတ်ရောင်ရောဂါဖြစ်ပွားသူ နှစ်ဦးရှိလျှင်၊

(ဃ) အမျိုးအစားခွဲခြားမသိရသော အဆုတ်ရောင် ရောဂါကြောင့် ဆေးရုံတွင် သေဆုံးသူ တစ်ဦးရှိလျှင်၊

(င) ဆားစ်ရောဂါ ဓာတ်ခွဲခန်းများမှ ကျန်းမာရေး ဝန်ထမ်းများတွင် အမျိုးအစား ခွဲခြားမသိရသော အဆုတ်ရောင်ရောဂါဖြစ်ပွားသူ တစ်ဦးရှိလျှင်၊

ယမန်နှစ်က ဆားစ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၈၀၀ နီးပါး သေဆုံးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဝန်ဆောင်မှုကဏ္ဍ တိုးတက်ရေး ဗီယက်နမ်ကြိုးပမ်း နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အကျိုးဖြစ်ထွန်းစေမည်

ဟနွိုင်း ဇန်နဝါရီ ၃

ဗီယက်နမ်အစိုးရသည် ပြည်တွင်းစုစုပေါင်းထုတ်လုပ်မှု(ဂျီဒီပီ)တွင် ဝန်ဆောင်မှုကဏ္ဍအရေးပါမှုကို တိုးတက်လာစေရန် ရည်မှန်းထားသည်။ ပြည်တွင်းဝန်ဆောင်မှု ကဏ္ဍမှာ ယခုအခါ ဂျီဒီပီတွင် ၃၉ ရာခိုင်နှုန်း အချိုးအစားအောက်တွင်သာ ပါဝင်နေရာမှ ၂၀၁၀ ပြည့်နှစ်အရောက်၌ ၄၅ ရာခိုင်နှုန်းအချိုးအစားအထိ ရောက်ရှိလာစေရန် ရည်ရွယ်ထားသည်။

ပြည်တွင်းဝန်ဆောင်မှု တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်းနှင့် ကုန်သွယ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတကာနှင့် ယှဉ်ပြိုင်မှု အနေအထား မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ စီးပွားရေး၏ အခြားသော ဝန်ဆောင်မှုများဖြစ်သော သယ်ယူပို့ဆောင်ရေး၊ ကြေးနန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် နည်းပညာပြုပြင်ပြောင်းလဲမှုတို့တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မည်ဟု ဆိုသည်။

ဝန်ဆောင်မှုကဏ္ဍ၏ စီးပွားရေးလုပ်ငန်းကဏ္ဍများတွင် ဗီယက်နမ်အစိုးရအနေဖြင့် မျှတမှုရှိသော အခြေအနေများကို ဖန်တီးပေးမည်ဟု သိရသည်။ ထို့မှုမက နိုင်ငံပိုင်ကဏ္ဍမဟုတ်သော ဆက်သွယ်ရေး၊ ကြေးနန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးလုပ်ငန်းများတွင် လုပ်ပိုင်ခွင့် ပိုမိုဖန်တီးပေးထားမည်ဖြစ်သည်။

ယခုအခါ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံပိုင်ဝန်ဆောင်မှုကဏ္ဍ အနေဖြင့် ၅၅ ရာခိုင်နှုန်း အချိုးအစားအထိ နေရာယူထားသည်။ ထိုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမှုပါဝင်သော အနေအထားသည် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၂၂ ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

သီရိလင်္ကာဘီယာချက်စက်ရုံ ရေသန့်ဘူးထုတ်လုပ်

ကုလသမ္ဗ ဇန်နဝါရီ ၃

သီရိလင်္ကာနိုင်ငံမှ ဘီယာချက်စက်ရုံသည် ဘီယာထုတ်လုပ်မှုကို ရပ်ဆိုင်းပြီး ဆူနာမီလှိုင်းဒဏ် ခံလိုက်ရသော ဒုက္ခသည်များအား ကူညီရန် ရေသန့်ဘူးများကို ထုတ်လုပ်လျက်ရှိကြောင်း အောက်စ်ဖန်းအင်တာနေရှင် နယ်ကယ်ဆယ်ရေးအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

သီရိလင်္ကာမြို့တော် ကိုလံဘိုရှိ လိုင်ယွန်းဘီယာချက်စက်ရုံသည် ရေသန့်ဘူးပေါင်း ၁၂၀၀၀၀ကို ထုတ်လုပ်ပြီးဖြစ်ရာ ဆူနာမီလှိုင်းဒဏ်ခံရသောဒေသများသို့ အောက်စ်ဖန်း၏ အကူအညီဖြင့် ပေးပို့မည်ဖြစ်သည်။ သီရိလင်္ကာကမ်းခြေကို ဆူနာမီလှိုင်းများရိုက်ခတ်ခဲ့ပြီး နောက်တစ်နေ့တွင် ၎င်းစက်ရုံမှ ရေသန့်ဘူးများ စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

အမ်အင်အေ၊ရိုက်တာ။

မြို့ပြလေကြောင်းဈေးကွက်တွင် ယှဉ်ပြိုင်မှု မြင့်မားစေရေး အိန္ဒိယမျှော်မှန်း

နယူးဒေလီ ဇန်နဝါရီ ၃

အိန္ဒိယအစိုးရသည် ခရီးတာအရှည်လျားသောနိုင်ငံတကာလေကြောင်းခရီးစဉ်များကို ပြည်တွင်းမှလေကြောင်းဌာနများလုပ်ကိုင်ခွင့်ပေးခြင်းဖြင့် မြို့ပြလေကြောင်းဈေးကွက်တွင်လေကြောင်းကုမ္ပဏီများ၏ ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာကာ လေယာဉ်ခများ ပိုမိုကျဆင်းလာစေရန် မျှော်မှန်းကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရယူထားမည်

မြို့ပြလေကြောင်း ဈေးကွက်တွင် ယှဉ်ပြိုင်လုပ်ကိုင်မှု မြင့်မားလာမည်ဖြစ်သော်လည်း ကူဝိတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သို့ ပျံသန်းသည့် ပင်လယ်ကွေ့လေကြောင်းခရီးစဉ်များ၌ ပျံသန်းခွင့်ကိုမူ လောလောဆယ်ကာလတွင် ပုဂ္ဂလိကကုမ္ပဏီများကို ခွင့်ပြုပေးဦးမည်မဟုတ်ဘဲ အစိုးရက ထိန်းချုပ်သည့် လေကြောင်း ကုမ္ပဏီများက သုံးနှစ်ထက်မနည်း ရယူထားမည်ဖြစ်သည်။ ပင်လယ်ကွေ့လေကြောင်းခရီးစဉ်များသည် လေကြောင်းကုမ္ပဏီများအတွက် အကျိုးအမြတ် ရရှိမှုကြီးမားသော ခရီးစဉ်များဖြစ်သည်။

အချိန်ကြာမြင့်စွာ ပျံသန်းရသော နိုင်ငံတကာ လေကြောင်းခရီးစဉ်များတွင် ဖွေဆော်ဦး ပျံသန်းခွင့်ရရှိမည့် ကုမ္ပဏီနှစ်ခုမှာ ဂျက်အဲဝေးစ်ကုမ္ပဏီနှင့် အဲဆာဟာရကုမ္ပဏီတို့ ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လေကြောင်းခရီးသည်ဦးရေမြင့်တက်လာရာလေယာဉ်ပျံသန်းရေးလုပ်ငန်း ဆက်လက်စည်ပင်လာရန်အစိုးရကအားပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ လေကြောင်းခရီးသည် တိုးတက်မှုနှုန်းသည် လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းနီးပါး ပိုမိုမြင့်တက်လာပြီး ဆက်လက်တိုးတက်ရန်လည်းရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်တာနက်။

ဂျပန်နိုင်ငံမှ အီလက်ထရောနစ်ကုမ္ပဏီဖြစ်သော ဆိုနီမှ အသစ်ထုတ်လုပ်သော (PC) ကွန်ပျူတာအသစ်များကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*



ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းတိုးတက် ခရီးသည် လာရောက်မှု စံချိန်တင်

မနီလာ ဇန်နဝါရီ ၃

လွန်ခဲ့သည့်ခြောက်နှစ်တာကာလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသွား ဦးရေသည် စံချိန်တင်ရလောက်အောင် များပြားကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဌာနက စနေနေ့တွင် ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁ ဘီလီယံ ရှိကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ ၂၇ ရက်အထိ နီနွိုင်းအကွီနိုနိုင်ငံတကာလေဆိပ်သို့ ကမ္ဘာ့နိုင်ငံများမှ ခရီးသည် ရောက်ရှိမှုသည် စုစုပေါင်း ၂၂၃၉၂၁ဦးရှိကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဟိုဆေးဒူရာနိုက ပြောကြားသည်။

ဖော်ပြပါခရီးသည်ဦးရေသည် ၁၉၉၇ ခုနှစ်က စံချိန်တင်အရေအတွက်ဖြစ်သည့်၂ဒသမ၂၂ သန်းထက်ကျော်လွန်သွားပြီဖြစ်ကြောင်း ဒူရာနိုက ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှဝင်ငွေရရှိမှုသည် ၃၂ဒသမ ၃၉ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ၂၀၀၃ ခုနှစ်ကမူ အမေရိကန်ဒေါ်လာ ၁ဒသမ၂၂ ဘီလီယံရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဟိုတယ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ဆီဘူး၊ ဘော်ရာကေးနှင့် ဘာဂီယိုတို့ကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်သည့်မြို့များကို ပိုမိုဖွံ့ဖြိုးစေခြင်းဖြင့် လာမည့်နှစ်တွင် ဖိလစ်ပိုင်သို့ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်လာရောက်စေရန် ဆွဲဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်နံနက် ၈နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ မိခင်နှင့်ကလေးတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အသက် (၁)နှစ်မှ (၁)နှစ်(၆)လကလေးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရရှိသည့် ကလေးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သားကောင်းမိခင်ပြိုင်ပွဲ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများရရှိသည့် မိခင်များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက အမြွှာပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ တာဝန်ရှိသူများက အသက်(၆)လမှ(၁)နှစ်ပြိုင်ပွဲ၊ အသက်(၃)လမှ(၆)လပြိုင်ပွဲ၊ မွေးစမှ(၃)လအထိ ပြိုင်ပွဲဆုရရှိသူများကို လည်းကောင်းဂုဏ်ပြုဆုနှင့်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမှတ်(၄)စစ်ဒေသမှူး၏ဇနီးဒေါ်ရွှေစင်က အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ကူညီဆောင်ရွက်ပေးခဲ့သည့် ဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။(သတင်းစဉ်)

အောင်ဆန်းသူရိယလှသောင်းအားကစားကွင်းခန်းမ၌ကျင်းပသည့် ပထမအကြိမ် စွမ်းအင်ဝန်ကြီးဌာနဖလား ကွမ်းခြံကုန်းမြို့နယ် ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော တောကျောင်းကျေးရွာဘော်လီဘောအသင်းအား စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (စွမ်းအင်)

ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးလုပ်ငန်းကော်မတီစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးလုပ်ငန်းဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ စုံညီစွာတက်ရောက်ကြသည်။

ဝန်ကြီးက ကွမ်းခြံကုန်းမြို့နေပြည်သူများ ထာဝစဉ် ရေသန့်သုံးစွဲနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ထောက်ပံ့ကူညီမှု၊ မြို့နေပြည်သူများ၏ စုပေါင်းပါဝင်မှု၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် မိမိကဦးဆောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ရေပေးဝေရေးလုပ်ငန်း ဖြစ်မြောက်ရေးကော်မတီအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် အမြန်ဆုံးပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားကာအစည်းအဝေးတက်ရောက်လာသူများက အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အောင်ဆန်းသူရိယလှသောင်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည့် ပထမအကြိမ် စွမ်းအင်ဝန်ကြီးဌာနဖလား ကွမ်းခြံကုန်းမြို့နယ် ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲ အပြီးတွင် ပထမရရှိသွားသော တောကျောင်းကျေးရွာအသင်း၊ ဒုတိယရရှိသွားသော တော်ခရမ်းကျေးရွာအသင်းတို့အား တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဘော်လီဘောသမားဆုများကို လည်းကောင်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိန်တင်ဝင်း၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသွားသော တောကျောင်းကျေးရွာ ဘော်လီဘောအသင်းအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ကမ္ဘာကျော်အဆောက်အအုံများနှင့် တည်ဆောက်သူများစာအုပ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅



အမျိုးသားစာပေဆုရ စာရေးဆရာ လှိုင်သင်းရေးသားပြုစုသည့် ကမ္ဘာကျော်အဆောက်အအုံများနှင့် တည်ဆောက်သူများ စာအုပ်ခန့်ချုပ်ကို ကံ့ကော်ဦးမွန်စာပေတိုက်၊ သာယာအေးလမ်းသွယ် (၁)၊ သမိုင်းလမ်းဆုံအနီး၊ ရပ်ကွက်(၃)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၆၆၀၀၂၀ က ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ဤစာအုပ်တွင် ရှေးဟောင်းတံတိုင်းများ၊ ရှေးဟောင်းအဆောက်အအုံပညာ၊ ခေတ်မီအဆောက်အအုံပညာ၊ တံတားများ၊ အင်ဂျင်နီယာနှင့်သူ့တံတား၊ လှပဆန်းကြယ်သော အဆောက်အအုံများ၊ ကမ္ဘာ့အမြင့်ဆုံးမိုးပျံတိုက်များ၊ အာကာသအဆောက်အအုံနှင့်တည်ဆောက်သူ၏ ဒဿနဟူ၍ အခန်းများခွဲကာ အဆောက်အအုံပုံစံ၊ ဒီဇိုင်း၊ ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

(သတင်းစဉ်)

ထားဝယ်အေဘီအမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ထားဝယ်အေဘီအမ် (အထက–၃၊ ထားဝယ်) ကျောင်းသားဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကိုဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ဝိုင်အမ်စီအေခန်းမ(၄၅လမ်း–အောက်လမ်း) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ (က–ပ)

ဒီဇင်ဘာ ၃၁ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ လူငယ်သင်တန်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် လူငယ်သင်တန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးလူငယ်သင်တန်းကျောင်းအသင်းအား ပထမဒိုင်းဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၏ သတ္တမအကြိမ်မြောက် ပညာရေးစုံညီပွဲတော် ပဒေသာကပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့နှင့်ကျောင်းအကျိုးတော်ဆောင် မိဘများ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆–၁–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ ကျောက်ကြီးပေါက်တံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၇။ **“နင်းကြည့်စမ်းပါ” (မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင်) [ဒါရိုက်တာ–မင်းအုပ်စိုး]**
၅:၄၀ ၈။ မြန်မာစာ မြန်မာစကား
၅:၅၅ ၉။ တေးဂီတအစီအစဉ်
၆:၀၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၆:၁၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း” (အပိုင်း–၄၃)**
၇:၃၀ ၁၅။ တေးဂီတအစီအစဉ်
၇:၄၀ ၁၆။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုတို့ရေးရှု **“ရွှေရောင်လွှမ်းသည့် မြန်မာ့အားကစား”(အပိုင်း–၁)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာရုပ်ရှင် “ငါ သူတစ်ပါး ယောကျ်ားမိန်းမ” (အပိုင်း–၁) (ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

(၉–၁–၂၀၀၅) ရက်နေ့

နှင့်

(၃၀–၁–၂၀၀၅) ရက်နေ့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ပုသိမ်တပ်နယ် တင်းနစ်ကွင်း၌ကျင်းပရာ အခမ်းအနားသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများ၊ တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ရဲမေစစ်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၁ သင်းပါဝင် ယှဉ်ပြိုင်ကြသည်။ (က-ပ)

၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် အဖွင့်မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဧရာဝတီတိုင်း)

✳ ကချင်ပြည်နယ်မှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဘက်မှ ယူနန်ပြည်နယ် ကွန်ဂရက် လွှတ်တော် နိုင်ငံရေး အတိုင်ပင်ခံ မစ္စတာကွမ်ကိုကျုံ၊ ယူနန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည် ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊တယ်ဟုန်ပြည်နယ်ခွဲ ပါတီအထွေထွေ အတွင်းရေးမှူး မစ္စတာ စုံရှီဖတို့က လွယ်ဂျယ်-မိုးမောက် ကားလမ်းဖောက်လုပ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းသို့ ဖွင့်လှစ်ပေးလိုက်သည်နှင့် တစ်ပြိုင်တည်း မင်္ဂလာစည်တော် ရွှမ်းခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ စက္ကူပန်းဖွားများ ကြဲချခြင်း၊ စက်ယန္တရားများနှိုးခြင်းတို့ကို ဆောင်ရွက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် နှစ်နိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များသည် လွယ်ဂျယ်- မိုးမောက်ကားလမ်း စတင် ဖောက်လုပ်နေမှုနှင့် ကျောက်ချောလမ်း ခင်းနေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လွယ်ဂျယ်-မိုးမောက်ကားလမ်းသည် အရှည် ၄၇မိုင်ရှိသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများ၏ လှုပ်ရှားမှုများကို ရှင်းလင်းတင်ပြပြီး သာကေတမြို့နယ် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှကြည်က အသင်း၏ လုပ်ငန်းစီစဉ်ဆောင်ရွက်ပုံများကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ ဖွဲ့အခြေခံသမဝါယမအသင်း အမှတ်(၁) ရပ်ကွက် အသင်းဥက္ကဋ္ဌ ဦးဌေးမောင်က အသင်းများ၏ ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးသည် သာကေတ မြို့နယ်အတွင်းရှိ အခြေခံ သမဝါယမ အသင်းဆိုင်များကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထိုမှတစ်ဆင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရန်ကုန်တိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးရဲအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မြန်မာ့သမဝါယမ နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပမည့် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံ ပလာဇာ)သို့ ရောက်ရှိသည်။ ယင်းနောက် မြစ်မိရှင် အထွေထွေ စီးပွားရေး သမဝါယမအသင်း လီမိတက်၏ စူပါမားကက် အရောင်းဆိုင်ကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းနှင့် အသင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့သမဝါယမ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပမည့် အဆိုပါ အဆောက်အအုံအတွင်းရှိ ဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

စိန္တာမုနိစေတီတော် အရံစေတီများ ထီးတော်တင်လှူ

ရန်ကုန် ဇန်နဝါရီ ၅

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် စိန္တာမုနိစေတီတော်ကြီး၏ အရံစေတီများ၊ မုခ်ထောက်လှေကားနှင့် မဟာရံတံတိုင်း ရွှေထီးတော်များအား ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ရွှေထီးတော်သစ်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်တွင် အဆိုပါ စေတီတော်ကြီး ရင်ပြင်တော်၌ကျင်းပရာ မန္တလေးတိုင်း သံဃာ့ဝန်ဆောင် စဉ့်ကူ ငါးဆူတိုက်ကျောင်း ပဓာန နာယက ဘဒ္ဒန္တမင်္ဂလ၊ မဟာဝိသုတာရုံတိုက်သစ် ပဓာန နာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ (စဉ့်ကူဆရာတော်) ဘဒ္ဒန္တဥတ္တမ၊ ဆိပ်ဖြူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပဋ္ဌိမာရာမတိုက် ပဓာန နာယက ဘဒ္ဒန္တကုမာရ၊ ချောက်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာလယ်တီကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောဝိဒနှင့် ပင့်သံဃာတော်များ၊ မကွေးတိုင်း ရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်တင်ရီ၊ ဘုရားကြီး ရွှေဆေးသင်္ကန်းအလှူရှင် ဒေါ်အမာဆွေ (အင်းစိန်)၊ သံပန်းတံခါး အလှူရှင် ဦးအောင်ဝင်းမိသားစု၊ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်နှင့် အမှုဆောင်များ၊ ဘုရားဖူးများ၊ ဂေါပက အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံများနှင့် ဘုရားဖူးများ တက်ရောက်ကြည်ညို ပူဇော်ကြသည်။

ရှေးဦးစွာ ပင့်သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် ဦးအောင်ရွှေဦး-ဒေါ်နီနီ မိသားစုတို့ လှူဒါန်းသည့် မဟာဗောဓိညောင်ပင်နှင့် အင်ကြင်းပင်တို့ကို ဆရာတော်ကြီးများနှင့် အလှူရှင်များက စိုက်ပျိုးပေးကြပြီး အလှူရှင်များနှင့် ဧည့်ပရိသတ်တို့က တင်လှူပူဇော်မည့် အရံစေတီတော်များ၊ မုခ်ထောက်လှေကားနှင့် မဟာရံတံတိုင်း ထီးတော်များကို အစီအစဉ်အတိုင်း အဆင့်ဆင့် တင်လှူပူဇော်ကြသည်။

ညပိုင်းတွင် စေတီတော်ကြီးအား ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့က ဆီမီး၊ နံ့သာ ၉၉၀၀ စီ ကပ်လှူပူဇော်သည်။ (သတင်းစဉ်)

ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၅

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဇော်ဂျီကွက်သစ် ရွှေလီလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကြည်စောက လမ်းသစ်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စောတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တက်ရောက်လာကြသူများသည် လမ်းသစ်ကို ကြည့်ရှုကြသည်။

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် မြို့ပြ လမ်းတံတားငါးခု၊ မြို့ရေပေးရေးနှစ်ခု၊ ကျေးလက်လမ်းတံတားလေးခု၊ ကျေးလက် ရေပေးရေးနှစ်ခုတို့ကို စုစုပေါင်း ငွေကျပ် ၇၂ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုဖွင့်လှစ်လိုက်သည့် လမ်းသစ်မှာ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၁၂၇၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ခင်ပွန်းဦးထွန်းမြင့်နှင့်သား မောင်ကျော်ကျော်အား ရည်စူး၍ အမှတ် (၆၅)၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်စန်းရီမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နိုဝင်ဘာ ၂၈ ရက်က လှူဒါန်းရာ ဆေးရုံလူမှုဆက်ဆံရေးဌာနစုမှူး ဦးမြတ်ကျော် လက်ခံယူစဉ်။ (က-ပ)

ကနေဒါနိုင်ငံ Brampton Ontario နေ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ရီရီမြတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံအဆင့် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ အမျိုးသား ခါးစည်းအညိုတန်း ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ယာယီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ ဝင်းဇော် ဆုချီးမြှင့်စဉ်။ (ကရာတေးဒိုအဖွဲ့ချုပ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကရာတေးဒိုပြိုင်

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခြေခံအဆင့် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း အထူးတန်း အောက်ထပ်ရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်ယာယီဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ ဝင်းဇော်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ယာယီဥက္ကဋ္ဌနှင့် အမှုဆောင်များက ချီးမြှင့်ပေးအပ်လိုက်သည်။ (ကြေးမုံ)

ဇန်နဝါရီ ၃ ရက်က ကျင်းပသော အထက(၂) ပန်းဘဲတန်း၏ ပညာရေးစုံညီပွဲတော်တွင် တိုင်းအဆင့် ရူပဗေဒဘာသာရပ် ထူးချွန်ဆုရရှိသော တက္ကသိုလ်ဝင် တန်းကျောင်းသားမောင်ဇင်မင်းအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည် ဆုချီးမြှင့်စဉ်။ (က-ပ)

အမျိုးသားညီလာခံမှသည် - စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သို့

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

တက္ကသိုလ်မြတ်သူ

တိုင်းရင်းသားလူမျိုး တစ်ရာကျော် သမိုင်းစဉ်ဆက် လက်ချင်းယှက်၍ ယှဉ်တွဲနေထိုင်လာခဲ့သည့် မြန်မာနိုင်ငံတော်သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်သည်။

အချုပ်အခြာအာဏာကို မြန်မာနိုင်ငံသားပြည်သူတို့ ပိုင်ဆိုင်ခြင်းသည် လွတ်လပ်ခြင်းပင်ဖြစ်သည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကား (၁) နိုင်ငံလုံခြုံ၊ တည်ငြိမ်၊ အေးချမ်း၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဥပဒေများပြုပိုင်ခွင့်အာဏာ (၂) နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲအပ်သည့် အုပ်ချုပ်ရေးအာဏာ (၃) အများပြည်သူနှင့် နိုင်ငံတော်အကျိုးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများကို ချိုးဖောက်လျှင်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ ပြည်သူတို့ အေးချမ်းသာယာစွာနေနိုင်ရေးကို စီမံခန့်ခွဲ (အုပ်ချုပ်)နေသည့် နိုင်ငံတော် အုပ်ချုပ်ရေးအာဏာကို ထိပါးနှောင့်ယှက်လျှင် ဥပဒေအရ စစ်ဆေးစီရင်ရသော တရားစီရင်ရေးအာဏာတို့ ဖြစ်သည်။

ယင်းအချုပ်အခြာအာဏာသည် နိုင်ငံသား ပြည်သူတစ်ရပ်လုံးမှ ဆင်းသက်ကာ နိုင်ငံနယ်နိမိတ်တစ်ခုလုံး၌ ပျံ့နှံ့တည်ရှိလေသည်။ ယင်းသို့သော အချုပ်အခြာအာဏာကို လူဦးရေသောင်းဂဏန်း၊ သိန်းဂဏန်းမျှ ရှိသော နိုင်ငံများတွင် ပြည်သူလူထု (အရွယ်ရောက်သူများ) စုဝေးကာ ညှိနှိုင်းဆုံးဖြတ်စီမံသော တိုက်ရိုက် ဒီမိုကရေစီကျင့်သုံးနိုင်ပေမည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ က ရောမ၊ အေသင်၊ စပါတာ စသည့် မြို့ပြနိုင်ငံများ၌ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးနိုင်ခဲ့လေသည်။

ယနေ့ခေတ် နိုင်ငံအများစုကြီး၌ လူဦးရေက သန်းချီ၊ ကုဋေချီ၍ ရှိလေရာ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးရန် မဖြစ်နိုင်ပေ။ ဤသို့ဖြင့် ကိုယ်စားပြုဒီမိုကရေစီပုံစံကို နိုင်ငံအလိုက်၊ နိုင်ငံကကျင့်သုံးသော နိုင်ငံရေး၊ စီးပွားရေးမူဝါဒအလိုက် ကျင့်သုံးနေကြရသည်။ ကိုယ်စားပြု ဒီမိုကရေစီဟူသည်ကား ပြည်သူက မဲဆန္ဒပေးရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များက ဥပဒေပြုကြ၊ အုပ်ချုပ်ကြ၊ တရားစီရင်ရေးပုံစံ ချမှတ်ကြရခြင်းဖြစ်သည်။ ထိုသို့ ကိုယ်စားလှယ်များ ရွေးချယ်ပေးရုံနှင့်မပြီး၊ ထိုကိုယ်စားလှယ်များ ထင်ရာမစိုင်းနိုင်အောင်၊ ပြည်သူတစ်ရပ်လုံးပိုင် အချုပ်အခြာအာဏာရပ်ကြီးအား မည်သို့မည်ပုံကျင့်သုံးရမည် (ဆောင်ရမည်၊ ရှောင်ရမည်) စသည့် စည်းမျဉ်းစည်းကမ်းများကို ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းထားရသည်။ လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားစီရင်ရေးနယ်ပယ်တို့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်းပေးထားသည့် ဘောင်အတွင်း၌ ဆောင်ရွက်ရသည်။

မြန်မာနိုင်ငံကို တိုင်းတစ်ပါးသားနယ်ချဲ့တို့က ကျူးကျော်ကျွန်ပြုထားချိန်ကာလတစ်လျှောက် (ရာစုနှစ်တစ်ခုသာသာ) မြန်မာပိုင် အချုပ်အခြာအာဏာသည် ထိုတိုင်းတစ်ပါးသားတို့လက်ရောက်ရှိသွားကာ နယ်ချဲ့တို့ ဖိနှိပ်သမျှ၊ ချုပ်ချယ်သမျှ၊ သွေးစုပ်ခြယ်လှယ်သမျှ၊ ညှဉ်းပန်းသမျှ မြန်မာတို့ အလူးအလဲခံခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းချိန် ၁၉၄၇ ခုနှစ် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖုတ်ပူမီးတိုက် ရေးဆွဲခဲ့ရသည်။ နယ်ချဲ့တို့က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိမှ အချုပ်အခြာအာဏာ (လွတ်လပ်ရေး) ပြန်ပေးမည်ဟု ဆို၍ ရေးကြီးသုတ်ပျာ ရေးဆွဲခဲ့ရခြင်း ဖြစ်သည်။ အချုပ်အခြာအာဏာ မည်သို့မည်ပုံ ကျင့်သုံးမည်ဆိုသည်ကို အခြေခံဥပဒေ၌ဖော်ပြပြီးမှ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် ဆိုရှယ်လစ်စနစ်အခြေပြုသော အခြေခံဥပဒေသစ်ကို လူထုအကြံဉာဏ်ယူပြီးရေးဆွဲခဲ့ရာ ပြည်သူ့ဆန္ဒမဲ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုခဲ့ပြန်၏။ သို့သော် ၁၉၈၈ ခုနှစ်တွင် ဆိုရှယ်လစ်စနစ်ကို မကြိုက်ကြတော့ဟု ဆိုလာကြသဖြင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည်လည်း နိဂုံးချုပ်သွားခဲ့ရပြန်သည်။ ဤသို့ဖြင့် စစ်မှန်၍ စည်းကမ်းကျနသော ဒီမိုကရေစီဖော်ဆောင်နိုင်မည့် (ဝါ) အချုပ်အခြာအာဏာကို ပြည်သူက ယုံကြည်စိတ်ချစွာလွှဲအပ်နိုင်မည့် အခြေခံဥပဒေသစ် ရေးဆွဲရန် လိုအပ်လာပြန်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၂ ခုနှစ်တွင် တရားဝင်တည်ရှိဆဲ နိုင်ငံရေးပါတီ ၁၀ ခုမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံ ကိုယ်စားလှယ်များအား အချိုးကျဖိတ်ခေါ်ကာ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံကျင်းပရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ယင်းသို့ညှိနှိုင်းဆွေးနွေးချက်များအရ အမျိုးသားညီလာခံ၏ ဦးတည်ချက်၊ တက်ရောက်မည့် ကိုယ်စားလှယ် အမျိုးအစားနှင့် ပမာဏတို့ကို အများသဘောတူ ညှိနှိုင်းဆုံးဖြတ်ခဲ့သည်။

ဤသို့ဖြင့် ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် အမျိုးသားညီလာခံကြီးကို ကျိုက္ကဆံကွင်းတွင် စတင်ကျင်းပခဲ့သည်။ ညီလာခံသို့ (၁) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (၂) ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များ (၃) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ (၄) အလုပ်သမားကိုယ်စားလှယ်များ (၅) တောင်သူလယ်သမားကိုယ်စားလှယ်များ (၆) အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ (၇) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ (၈) ငြိမ်းချမ်းရေးရယူခဲ့သည့် တိုင်းရင်းသားအဖွဲ့ ကိုယ်စားလှယ်များနှင့် အငြိမ်းစားသံအမတ်ကြီးများ၊ ပညာရှင်ကြီးများ ပါဝင်သည့် အခြားဖိတ်ကြားသင့်သော ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

၁၉၉၃ ခုနှစ် အမျိုးသား ညီလာခံစတင်ကျင်းပစဉ်ကပင် ကျွန်တော်သည် အသိပညာရှင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သဖြင့် အမျိုးသားညီလာခံဖြစ်စဉ်အားလုံး ကိုယ်တိုင်ပါဝင် သိမြင်ခဲ့ရသူ ဖြစ်သည်။ ကိုယ်စားလှယ် အမျိုးအစားက စုံလင်သည်။ လူထုလူတန်းစား အလွှာစုံ၊ တိုင်းရင်းသားစုံ ကိုယ်စားလှယ်များပါဝင်ကြသည်။ နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများကို အပြန်အလှန် အချေအတင်ဆွေးနွေးကြပြီး အကျေအလည် ညှိနှိုင်းယူခဲ့ကြရသည်။ ဤသို့ဖြင့် အခြေခံဥပဒေသစ်တွင် ပါဝင်ရမည့် အခန်းအလိုက် ခေါင်းစဉ်များ ၁၅ ခုကို ဦးစွာ ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ကိုယ်စားလှယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိကြသည်။ မိမိတို့ဆန္ဒသဘောထားများကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြသည်။ ငြင်းခုံမှုများရှိခဲ့သော်လည်း ညီလာခံအောင်မြင်ရေး၊ အခြေခံဥပဒေသစ် ပေါ်ထွန်းရေးကိုရှေးရှုပြီး ညှိနှိုင်းပြေလည်သွားစမြဲဖြစ်သည်။ ၎င်းနောက် အမျိုးသားညီလာခံကို ၁၉၉၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ခေတ္တရပ်နားခဲ့သည်။

> **အမျိုးသားညီလာခံသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမဆုံးသော မူဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်ခြင်း (ဝါ) ၁၉၉၃ ခုနှစ်က အစပြုခဲ့သော အမျိုးသားညီလာခံလုပ်ငန်းနှင့် နိုင်ငံတော်အတွက် ရေရှည် တည်တံ့မည့် အကောင်းဆုံး အခြေခံဥပဒေ ပေါ်ထွန်းရေးလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ကြခြင်းလည်း ဖြစ်သည်။**

၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်အစိုးရက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို မြန်မာသိ၊ ကမ္ဘာသိ ကြေညာခဲ့သည်။ ယင်းမူဝါဒလမ်းစဉ် (၇)ရပ်ကို ဒီမိုကရေစီ ဖော်ဆောင်ရေး လမ်းကြောင်းပြမြေပုံ Road Map ဟု သိမှတ်ကြသည်။ ပထမဆုံးလမ်းစဉ်မှာ ၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပရန်ဖြစ်သည်။ ကျန်လမ်းစဉ် (၆)ရပ်မှာ ညီလာခံမှချမှတ်သောမူများဖြင့် အခြေခံဥပဒေရေးဆွဲရန်၊ ဒီမိုကရေစီ အခင်းအကျင်းများ ဆောင်ရွက်ထားရန်၊ အခြေခံဥပဒေကို ပြည်သူ့ဆန္ဒဖြင့်အတည်ပြုရန်၊ အခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသောရွေးကောက်ပွဲများ ကျင်းပရန်၊ ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော် အစည်းအဝေး ကျင်းပရန်၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော် အကြီးအကဲများနှင့် လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင် အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်တို့ဖြစ်သည်။

ဤသို့ဖြင့် ခေတ္တရပ်နားထားသော အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့က လှည်းကူးမြို့နယ် ညောင်နှစ်ပင်စခန်းတွင် ပြန်လည်ကျင်းပခဲ့သည်။ ကျိုက္ကဆံကွင်းတွင် ကျင်းပစဉ်က ကိုယ်စားလှယ် ၇၀၂ ဦး တက်ရောက်ခဲ့သည်။ အချို့ကွယ်လွန်ကြပြီ၊ အချို့ အရွယ်လွန် ဇရာထောင်းကြပြီ၊ အချို့က ကျန်းမာရေးမကောင်းကြ။ ဤသို့ဖြင့် ကိုယ်စားလှယ် အရေအတွက် လျော့ကျသွားခဲ့ရသည်။ ညောင်နှစ်ပင်တွင် ပြန်လည်ကျင်းပသောအခါ ကိုယ်စားလှယ်အသစ်များ တိုးပွားလာရာ ကိုယ်စားလှယ် ၁၀၈၈ ဦးအထိ ရှိလာသည်။ အထူးသဖြင့် ယခင်ကပြည်နယ်၊ တိုင်း၊ မြို့နယ်ကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ် နှစ်ရာကျော်မှာ ယခုအခါ ခြောက်ရာကျော်ရှိလာသည်။

အမျိုးသားညီလာခံကြီးကို လှည်းကူးမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမကြီးတွင် ကျင်းပစဉ်။

အမျိုးသားညီလာခံ စုညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမတွင် တိုင်းရင်းသားစုံ၊ ဝတ်စုံအမျိုးမျိုးဖြင့် ကိုယ်စားလှယ် တစ်ထောင်ကျော်တွေ့ရသည်ကပင် ပြည်ထောင်စုနေ့ အခမ်းအနားကြီးသို့ တက်ရောက်ရသည့်နှယ်၊ ပန်းမျိုးစုံဖူးပွင့်ထုံကြိုင်သော ဥယျာဉ်ကြီးအတွင်းရောက်ရသည့်နှယ် အားရတက်ကြွဖွယ်ကောင်းသည်။ စားသောက်ခန်း၊ အားကစားလေ့ကျင့်ခန်းမ၊ အနုပညာဖြေဖျော်ရေးဇာတ်ရုံ၊ အစုအဖွဲ့ အစည်းအဝေးခန်း၊ ကျန်းမာရေးအတွက် လမ်းလျှောက်ကြသည့် ညောင်နှစ်ပင်ကွင်းပတ်လမ်း၌ ကိုယ်စားလှယ်များ ဆုံတွေ့ကြ၊ ရင်းနှီးကြဖြင့် ညီလာခံလုပ်ငန်းများ ပိုမိုသွက်လက်ထက်မြက်လာသည်။

ယခု ပြန်လည်ကျင်းပသော အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ရာ ဦးစွာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများကို အစုအဖွဲ့အလိုက် ဆွေးနွေးကြသည်။ အစုအဖွဲ့အတွင်း ဆွေးနွေးရရှိချက်များကို အမျိုးသားညီလာခံ စုညီအစည်းအဝေး၌ ဖတ်ကြားတင်ပြကြသည်။ ယခုညီလာခံ ခေတ္တရပ်နားစဉ် စုညီသဘာပတိအဖွဲ့ (ကိုးဦး)က အစုအဖွဲ့အလိုက် တင်ပြထားသော ဥပဒေပြုရေး အာဏာခွဲဝေရေး အကြံပြုစာတမ်းများအပေါ် သုံးသပ်မှုများဆောင်ရွက်လျက်ရှိသည်။

အမျိုးသားညီလာခံသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမဆုံးသော မူဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်ခြင်း (ဝါ) ၁၉၉၃ ခုနှစ်က အစပြုခဲ့သော အမျိုးသားညီလာခံလုပ်ငန်းနှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့မည့် အကောင်းဆုံး အခြေခံဥပဒေပေါ်ထွန်းရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြခြင်းလည်းဖြစ်သည်။ တစ်နည်းအားဖြင့် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်ခု၏ဂုဏ်ဒြပ်နှင့် ဥပမိရုပ်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အပြည့်အဝ အကောင်အထည်ဖော်နေခြင်းပင်ဖြစ်သည်။ ယခုအခါ အမျိုးသားညီလာခံကြီး၏ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ကျန်ရှိသောအပိုင်းများကို ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် လာမည့် ဖေဖော်ဝါရီလအတွင်းတွင် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပတော့မည် ဖြစ်ပေသည်။

အမျိုးသားညီလာခံကြီးကို တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသားရေး အနှစ်သာရအဓိပ္ပာယ် ပြည့်ဝစွာဖြင့် ကျင်းပနေခြင်းဖြစ်ပေသည်။ သို့ဖြစ်ရာ ကိုလိုနီလက်သစ် ဝါဒီများနှင့် လက်တစ်ဆုပ်စာမျှရှိသော ပြည်တွင်း ပြည်ပ အဖျက်သမားများက အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်နှောင့်ယှက်နေကြသော်လည်း နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံးက ချမှတ်ထားသော ညီလာခံအောင်မြင်ရေး သန္နိဋ္ဌာန်ကား မယိမ်းမယိုင် ခိုင်ကျည် မြဲမြဲလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပင်လုံစိတ်ဓာတ်နှင့် ပင်လုံအားမာန်တို့ ပြန်လည်နိုးကြားစေမည့်အစီအမံများဆောင်ရွက်နေ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးတက်ခိုင်မာ

✧ ရှေ့ဖုံးမှ

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနေ့ကို နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပနေခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည့် အစဉ် အလာကောင်းကိုဖော်ညွှန်းလျက် တိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာနေစေရေးအတွက် ကျင်းပနေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် သုခ၊ဒုက္ခများကို မျှဝေခံစားခဲ့ကြသည့် ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်ကြကြောင်း။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ကိုလိုနီနယ်ချဲ့တို့ မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် မိမိတို့တိုင်းရင်းသားများအတွင်း နှစ်ပေါင်းကြာရှည်စွာ ဖြစ်ထွန်းတည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှုကိုပျက်ပြားအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြကြောင်း၊ သို့ရာတွင် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားညီအစ်ကို မောင်နှမများ တစုတဝေးတည်းနေထိုင်ကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကင်းမဲ့အောင် နယ်ချဲ့တို့က အစီအစဉ်ရှိရှိ လုပ်ကိုင်ခဲ့ပြီး မြန်မာတိုင်းရင်းသားများ ကွဲနိသက်ရှည်အောင် Divide and Rule Policy ဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ကြောင်း။

အမြော်အမြင်ကြီးမားသောတိုင်းရင်းသားခေါင်းဆောင်များ၏ စွမ်းဆောင်ချက်ကြောင့်သာ မြန်မာတစ်နိုင်ငံလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ပြီး လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

သို့ရာတွင် တိုင်းတစ်ပါး၏နှစ်ပေါင်းတစ်ရာကျော် အစီအစဉ်ရှိရှိ သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့မှု၏ ဒဏ်ရာဒဏ်ချက်များကြောင့် လွတ်လပ်ရေးရရှိပြီးနောက် တိုင်းရင်းသားညီအစ်ကို သွေးချင်းများအတွင်း သံသယစိတ်ဝင်ကာ စိတ်ဝမ်းကွဲပြားခဲ့ကြသဖြင့် နှစ်ပေါင်း၄၀ကျော်ကြာ တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် မည်မည်ရရ တည်ဆောက်နိုင်ခဲ့ခြင်းမရှိခဲ့သည်ကို သင်ခန်းစာ ယူကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲတည်ဆောက်နိုင်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဆိုသည့်ခံယူချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းစေရေးအတွက် မိမိတို့တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန်သည်းခံခွင့်လွှတ်မှုတို့ကိုအခြေခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နံတစ်လျား၌ ငြိမ်းချမ်းရေး၏အရသာကို ပြည်သူများ ပြည့်ပြည့်ဝဝခံစားနေကြရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တိုင်းရင်းသားအားလုံး၏ စုပေါင်းစွမ်းအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူအားလုံး ခံစား၊ စံစားနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေရေး စသည့် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပင်မစီမံကိန်းရေးဆွဲချမှတ်ပြီး ကာလတိုစီမံကိန်းများဖြင့် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမြော်အမြင်ကြီးမားသည့်တိုင်းရင်းသားခေါင်းဆောင်များက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခိုင်အမာတည်ဆောက်ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိအောင် စွမ်းဆောင်ပေးခဲ့ကြောင်း၊ ထိုကောင်းမြတ်သောအစဉ်အလာနှင့်စွမ်းပကားကို ပြန်လည်ဖော်ထုတ်ဂုဏ်ပြုသည့်အနေဖြင့် ပြည်ထောင်စုကြီးသန္ဓေတည် မွေးဖွားသန့်စင်ရာ ပင်လုံဒေသကို ဖွံ့ဖြိုးရေး အထူးဒေသကြီးအဖြစ်သတ်မှတ်ကာ ဖွံ့ဖြိုးရေး အထူးအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ယခုအခါ ပင်လုံဒေသသည် ပြည်ထောင်စုကြီး၏ ဘူမိနက်သန် အောင်မြေ ဆိုသည့် ဂုဏ်ဒြပ်နှင့်အညီ တင့်တယ်ဝင့်ကြွားလျက် ရှိနေပြီဖြစ်ကြောင်း။

အားပေးစီမံလျက်ရှိ

ဤကဲ့သို့ နိုင်ငံတော်အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ပြည့်ဖြိုးခိုင်မာစေရေးအတွက် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားသွေးချင်းများအကြား စည်းလုံးညီညွတ်မှု တိုးပွားဖြစ်ထွန်းစေမည့် အခြေခံကောင်းများကို စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိခြင်း၊ ပင်လုံစိတ်ဓာတ်နှင့် ပင်လုံအားမာန်တို့ ပြန်လည်နိုးကြားစေမည့်အစီအမံများကို အားပေးစီမံဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ယခုအချိန်အခါတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက်ထွန်းကားခိုင်မာလျက် ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိလာချိန်တွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်း ထုတ်ဖော်ကြေညာထားပြီးဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်(၇)ရပ်တွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ဆက်လက်ကျင်းပလျက်ရှိရာအမျိုးသားညီလာခံ အောင်မြင်စွာ ဆက်လက်ကျင်းပသွားရန်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့် အကောင်အထည်ဖော်သွားရန်တို့အတွက် ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ပိုမိုရှင်သန် ခိုင်မာသည်ထက်ခိုင်မာစေရအောင် ပြည်ထောင်စု နေ့ထူးနေ့မြတ်ကြီးပေါ်ထွန်းလာခဲ့သည့် အစဉ်အလာကောင်း၊ အခြေခံကောင်းများကိုပီပီပြင်ပြင်ဖော်ထုတ်မြှင့်တင်ပြီး ပြည်ထောင်စုနေ့အခမ်းအနားကြီးကိုနိုင်ငံရေးအနှစ်သာရရှိရှိ အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန် ပဏာမပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြသည်။

အမျိုးသားရေးဦးတည်ချက်များ

ယင်းနောက် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကိုလေးနက်မွန်မြတ်မြင့်မားသော အမျိုးသားရေးဦးတည်ချက်များဖြစ်သည့်–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး၊**

ဆိုသည့် ဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

ညီညီညွတ်ညွတ်ဆောင်ရွက်နေ

ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တယ်ဝင့်ကြွားစွာဖြင့်ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တစ်မျိုးသားလုံး ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

သို့ဖြစ်သည်နှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ ရှင်သန်ခိုင်မာနေစေရန်အထူးလိုအပ်ကြောင်း။

ထို့ကြောင့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကြီးကို ယခင်အစဉ်အလာကောင်းများနှင့် အညီ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ တိုးပွားခိုင်မာစေရေးအတွက် ထိရောက်စွာစေ့ဆော်ပေးနိုင်ပြီး အမျိုးသားရေးအနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများက စနစ်တကျစီမံကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

စင်ကာပူ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာရ်နာသန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ စင်ကာပူပြည်သူများကိုယ်စား ဝမ်းမြောက်စွာ နှုတ်ခွန်း ဆက်သအပ်ပါကြောင်း။

စင်ကာပူနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးမှာ ကောင်းမွန်တိုးတက်လျက်ရှိပြီး နှစ်နိုင်ငံစလုံး အကျိုးကျေးဇူးကောင်းများရရှိစေမည့်ဆက်ဆံရေး ဆက်လက်ခိုင်မာနေမည်သာဖြစ်ကြောင်း ဖော်ပြထားသည်။

နီပေါ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ နီပေါနိုင်ငံ ဘုရင်မင်းမြတ်ဂျန်နင်ဒရာဘီဘီခရမ်ရှားဒေ့ဗ်ထံမှ ပေးပို့သည့် သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ နီပေါပြည်သူများ ကိုယ်စားလည်းကောင်း၊ အစိုးရအဖွဲ့ကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှလုံးရွှင်ပြုံးချမ်းမြေ့စေရန် လည်းကောင်း၊ မြန်မာပြည်သူများ တိုးတက်ချမ်းသာစေရန် လည်းကောင်း ဆုတောင်းအပ်ပါကြောင်း၊လာမည့်နှစ်များတွင် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်ကောင်းမွန်နေမည်ဟု မိမိယုံကြည်ကြောင်း ဖော်ပြထားသည်။

တောင်ကိုရီးယား

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်းထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် အစိုးရအဖွဲ့နှင့် ပြည်သူများကိုယ်စား ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့သည် ရင်းနှီးချစ်ကြည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးထူးခြားစွာ ဖြစ်ပေါ်တိုးတက်နေခြင်းအတွက် ကျေနပ်အားရဖြစ်မိပါကြောင်း၊ လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်မှုက မိမိတို့၏ပြည်သူများ အကျိုးကျေးဇူးရရှိစေမည်ဖြစ်ကြောင်း။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မြန်မာပြည်သူတစ်ရပ်လုံး ကြွယ်ဝမှုအပေါင်းနှင့် ပြည့်စုံစေရန် ဆုတောင်းပတ္ထနာပြုပါကြောင်း ဖော်ပြထားသည်။ (ကြေးမုံ)

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၅
၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်ပါသည်-

(ယမန်နေ့မှအဆက်)

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

၂၆။ ဒေါ်နုနုလွင်၊ ရုံးအုပ်၊ တာဝန်နှင့်လုပ်ငန်းစစ်ဌာနခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

၂၇။ ဦးကျင်ထွန်း၊ ငှက်ဖျားကြီးကြပ်၊ ကျန်းမာရေးဌာန (ငှက်ဖျား)၊ ပြည်သူ့ဆေးရုံ၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၈။ ဦးတင်ကြိုင်၊ သူနာထိန်း၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၉။ ဦးမြဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၀။ ဦးလှအောင်၊ စာပို့လုလင်အထွေထွေ (အထူးတာဝန်)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်)၊ အထွေထွေ စီမံခန့်ခွဲရေးဌာန၊ စွမ်းအင်ဝန်ကြီးဌာန။

၃၁။ ဦးမြင့်စိုး၊ အငယ်တန်းလက်နှိပ်စက်၊ မန္တလေးတိုင်းတရားရုံး၊ တရားရုံးချုပ်။

၃၂။ ဦးကျော်မြင့်၊ ကြွေရည်သုတ်ပစ္စည်းစက်ရုံ အမှတ်(၁)၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၃၃။ ဦးမင်းအောင်၊ အကြီးတန်းလက်နှိပ်စက်ရိုက်၊ စီမံခန့်ခွဲရေးဌာန၊ စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၃၄။ ဦးဝင်းစိန်၊ ပုံနှိပ်ကျွမ်းကျင် (၄)၊ အထွေထွေစာအုပ်ချုပ်ဌာနစိတ်၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၃၅။ ဒေါ်ငွေရီ၊ ထုတ်လုပ်ရေးကျွမ်းကျင် (၄)၊ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန။

၃၆။ ဒေါ်စိန်ငွေ၊ ထုတ်လုပ်ရေးကျွမ်းကျင် (၄)၊ အချောကိုင်ဌာန၊ တပ်/ချည်ထည်(သမိုင်း)စက်ရက်ကန်း (၃)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃၇။ ဦးတင်ထွဋ်၊ ယာဉ်မောင်း-၅၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၃၈။ ဦးစိုးဝင်း၊ ပစ္စည်းထိန်း (၃)၊ ငွေကိုင်အဆင့် (၃)၊ မန်နေဂျာရုံး၊ အမှတ်(၁၄) သစ်စက်၊ သစ်တောရေးရာဝန်ကြီးဌာန။

၃၉။ ဦးသန်းဦး၊ ဈေးရောင်း၊ ညည-၁၅/၂၀ (ခ)၊ ၅၈ x ၅၉ လမ်းကြား၊ မင်းကြီးရန်နောင်လမ်း၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၄၀။ ဦးမျိုးပိုင်၊ အကြီးတန်းစာရေး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

၄၁။ ဦးခင်မောင်ကြည်၊ လက်မှုလုပ်ငန်း၊ တပ်မ (၃၃)အနီး၊ ပြူကံရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄၂။ ဦးလှကြည်၊ အငြိမ်းစား(မီးရထား)၊ အိမ်အမှတ်(၃၅၃)၊ အေးစေတီရပ်ကွက်၊ နယ်မြေ(၃)၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၄၃။ ဦးမျိုးမင်း၊ လျှပ်စစ်လုပ်ငန်း၊ တိုက်(၂၉)၊ အခန်း(၁၈) သုနန္ဒာလမ်း၊ လှိုင်မြင်းမိုရ်အိမ်ရာ၊အမှတ်(၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၄။ ဦးစိုးတင့်၊ ဈေးရောင်း၊ မြကလျာလမ်း၊ ဦးမြရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၅။ ဦးမောင်မောင်ဦး၊ ကုန်သွယ်ရေကြောင်းအလုပ်သင်အရာရှိ၊ ဒုတိယတပ်ရင်းမှူး၊ မြို့နယ်ကြက်ခြေနီအသင်း၊ အမှတ်(၁၈၉)၊ ငုဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

၄၆။ ဦးထွန်းထွန်း (၈၅၈၇)၊ ဖြန့်ဖြူးရေး (ပထမ)၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ပဋနဂိုရ်၊ စွမ်းအင်ဝန်ကြီးဌာန။

၄၇။ ဦးသန်းမြင့်၊ လုံခြုံရေး(၃)၊ စာပေဗိမာန်ရုံး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၄၈။ ဦးတင်လှိုင်(၇-၂/ဒ/၀၆၈၃)၊ အလုပ်ရုံစိတ်မှူး၊ လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၄၉။ ကိုယ်ပိုင်အမှတ်-၁၉၈၂၃ ဒုအရာခံဗိုလ်စိုးအောင်(၇၁)၊ တာဝန်ဌာနစု (တာဝန်-၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅၀။ ဦးလှမြင့်၊ အတန်း(၁)၊ ပြင်/ထိန်းဌာန၊ တပ်မတော်မိုးရေကာဖျင်စက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅၁။ ဦးချစ်လှိုင်၊ အတန်း(၁)၊ ကုန်ထုတ်လုပ်မှုဌာန၊ တပ်မတော်မိုးရေကာဖျင်စက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅၂။ ဦးညွန့်ဝေ၊ ပစ္စည်းထိန်း(၄)၊ အမှတ်(၆-ခ)သစ်စက်၊ ပစ္စည်းထိန်းဌာန၊ သစ်တောရေးရာဝန်ကြီးဌာန။

၅၃။ ဦးသန်းဝင်း၊ စက်ကိုင်(၅)၊ အမှတ်(၃)ပရိဘောဂစက်ရုံ၊ အလုံ၊ သစ်တောရေးရာဝန်ကြီးဌာန။

၅၄။ ဦးတင်မောင်မြင့်၊ ရတနာမန်းကားဂိတ်မှူး၊ အောင်မြေသုခရပ်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း။

၅၅။ ဦးကျော်ဝင်း၊ တပ်မတော်ရေ(အငြိမ်းစား)၊ အမှတ်(၉၇)၊ သီဟဗလလမ်း၊ အလတ်ချောင်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၅၆။ ဦးလှစိုး၊ ပန်းထိမ်၊ ၁၃/၁၀၄၃-ဒေဝဒဟလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၅၇။ ဒေါက်တာဝင်းနိုင်၊ သွားနှင့်ခံတွင်းဘက်ဆိုင်ရာဆရာဝန်၊ တိုက်(၇)၊ အခန်း(၃၀၄)၊ ၆-လမ်း၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

၅၈။ ဦးဆန်းဦး၊ ခြံသော့ကွန်ကရစ်၊ အမှတ်(၃၅၃)၊ ရှုခင်းသာလမ်း၊ မြို့ပတ် ၄၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၅၉။ ဦးဆန်းဝင်း၊ လက်ထောက်ကျန်းမာရေးမှူး(ဇဟိုဝန်ထမ်းတက္ကသိုလ်ဆေးရုံ)၊ ဇဟိုဝန်ထမ်းတက္ကသိုလ်ဖောင်ကြီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဗိုလ်ကြီးအုန်းမြင့်(ငြိမ်း)၊ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၂။ ဒုအရာခံဗိုလ်ဝင်းဖေ၊ နည်းပြ၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၃။ ဒေါက်တာသူရ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ကုန်းကြမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျန်းမာရေးဝန်ကြီးဌာန။

၄။ ဒေါက်တာသန်းသန်းအေး၊ အထူးကုဆရာဝန်(ရောဂါဗေဒ)၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၅။ ဒေါက်တာအေး အေးအေး၊ လက်ထောက်ဆရာဝန်(မေ့ဆေး)၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၆။ ဒေါက်တာစန်းစန်းလွင်၊ လက်ထောက်ဆရာဝန်(မေ့ဆေး)၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၇။ ဒေါ်တင်ဆွေမြင့်၊ သူနာပြုဆရာမကြီး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၈။ ဒေါ်ထန်ဟွဲ၊ အထက်တန်းသူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၉။ ဒေါ်သီတာဆွေ၊ အထက်တန်းသူနာပြု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၀။ ဒေါ်ငွေမေ၊ အထက်တန်းသူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၁။ ဒေါ်ကေသီနွယ်၊ အထက်တန်းသူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၂။ ဒေါ်လှိုင်လှိုင်ဦး၊ သူနာပြုဆရာမ၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၃။ ဒေါ်ခင်လေးနွယ်၊ အထက်တန်းသူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၄။ ဒေါ်နော်အေးခိုင်ငြိမ်း၊ သူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၅။ ဒေါ်သက်သက်ခိုင်၊ သူနာပြု၊အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၆။ ဒေါ်ခင်သက်လွင်၊ သူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၇။ ဒေါ်သင်းသင်းဆွေ၊ သူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၈။ ဒေါ်နန်းအေးမွန်၊ သူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၁၉။ ဒေါ်မေမျိုးနွယ်၊ သူနာပြု၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၀။ ဦးကျော်စွာမျိုး(ပါရမီနည်းပြ)၊ ပြည်ခိုင်ဖြိုးမြို့နယ်အလုပ်အမှုဆောင်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်။

၂၁။ ဦးဉာဏ်အောင်၊ ရွှေစည်းခုံဘုရားဂေါပက၊ ရုံးကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၂။ ဦးသန်းညွန့်(ကုန်သည်)၊ ဘုရားကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၃။ ဦးတင်မောင်၊ ဟွန်ဒါ(မြန်မာ)ကုမ္ပဏီ၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၄။ သီဟသုဓမ္မသီဂီဒေါ်ခင်လှ၊ မြတောင်၊ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၅။ ဦးအောင်သောင်း၊ သက္ကလစံပြကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်း။

၂၆။ ဦးလှထွန်း၊ စံချိန်မိနို့ဆီလုပ်ငန်း၊ ဥက္ကံ-ဆူးလေခရီးသွားသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လမ်းမတော်လမ်း၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၂၇။ ဦးကျော်ဝင်းထွန်း၊ ဥက္ကဋ္ဌ၊ ပုပ္ပား-ဒဂုံခရီးသွားလုပ်ငန်း၊ အမှတ်(၁၃၇)၊ ရွှေတန်ဆာလမ်း၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၂၈။ ဦးချန်စိန်၊ ကုန်သည်၊ ၄၄/ပုလဲလမ်း၊ ရတနာထွန်းပွဲရုံနယ်မြေ၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၂၉။ ဦးနေဝင်း၊ ဒါရိုက်တာ၊ အဲရိုးမြန်မာအင်တာပရိုက်စ်လီမိတက်၊ အမှတ်(၂၉)၊သဇင်လမ်း၊တောင်ဝိုင်း၊ဈေးချိုရပ်ကွက်၊မော်လမြိုင်မြို့၊မွန်ပြည်နယ်။

၃၀။ ဦးကျော်၊ ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၁။ ဦးချစ်ဖေ၊ မ/၆၈၊ စဝ်စံထွန်းလမ်း၊ နယ်မြေ(၃)၊ ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃၂။ ဦးတင်စိန်၊ မာရသွန်ဆံသဆိုင်၊ ဘုရင့်နောင်လမ်း၊ သစ်တောရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃၃။ ဦးအေးကျော်၊ အမှတ်(၅၁၈)၊ ငွေကြယ်ဖြူလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃၄။ ဦးစိုင်းအုန်းခေါင်၊ အမှတ်(၁/၄၂)ရပ်ကွက်၊ (၁)မိုင်းနောင်မြို့၊ ရှမ်းပြည်နယ်။

၃၅။ ဦးဘသန်း(ခ)ဦးမောင်မောင်လောက်၊ အမှတ်(၈၀)၊ မြကန်သာလမ်း၊ နယ်မြေ(၈)၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃၆။ ဦးဌေးအောင်၊ အမှတ်(၄၄၇)၊ သန္တာလမ်း၊ ရတနာသီရိရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၃၇။ ဦးတင်ဦး(၃/၂၁၇၄)၊ အတွင်းရေးမှူး၊ မြို့မအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ကြူကုတ်(ပန်ဆိုင်း)မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၃၈။ ဦးစိုင်းကြူ၊ ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ နမ့်ပေါင်ကျေးရွာ၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၃၉။ ဦးအေးကို၊ ဥက္ကဋ္ဌ၊ ကနောင်စုရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

၄၀။ ဦးသိန်းထွန်း၊ ဥက္ကဋ္ဌ၊ ပန်းတောကြီးရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လေးမျက်နှာမြို့၊ ဧရာဝတီတိုင်း။

၄၁။ ဦးတင်အောင်၊ ဥက္ကဋ္ဌ၊ ကွင်းကောက်တောင်အုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။

၄၂။ ဦးမြင့်ငွေ၊ ဦးစီးမှူး(ပ) ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၄၃။ ဦးတလုတ်၊ ဥက္ကဋ္ဌ၊ အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်း။

၄၄။ ဦးစိန်ဝင်း၊ ကုန်သည်၊ အမှတ်(၁၇၇)၊ ၂၆x၈၀ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၄၅။ ဦးမောင်မောင်၊ စက်ခန်းအုပ်(တ)၊ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၄၆။ ဦးသိန်းမြင့်၊ မူလတန်းကျောင်းအုပ်၊ နှမ်းချိုအမက၊ မိုးညှင်းမြို့နယ်၊ ပညာရေးဝန်ကြီးဌာန။

၄၇။ ဦးခင်မောင်ဦး၊ ဝိုင်းဆရာ၊ အမှတ်(၁) သစ်စက်၊ သစ်တောရေးရာဝန်ကြီးဌာန။

၄၈။ ဦးစန်းလှိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄) ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲ (လုံခြုံရေးဌာန)(ဒီဝမ်း)၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၉။ ဦးခင်လှ၊ အလုပ်သမား၊ အမှတ်(၁)သစ်စက်၊ သစ်တောရေးရာဝန်ကြီးဌာန။

၅၀။ ကိုယ်ပိုင်အမှတ်-၅၀၃၇၅၅ ဒုအရာခံဗိုလ်ဟန်ထွန်းအောင်၊ အမှတ်(၂) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅၁။ ဦးစန်းမြင့်၊ ဝိုင်းဆရာ၊ အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်၊ သစ်တောရေးရာဝန်ကြီးဌာန။

၅၂။ ဦးမြင့်ဦး(မ-၄၄၈၉) မီးသတ်တပ်စုမှူး၊ မီးသတ်ဦးစီးဌာန၊ ဟင်္သာတမြို့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၅၃။ ဦးလှမြင့် ဈေးသည်အကွက် (၁၄၅) အမတော်ဝင်း၊ ၁၈x၁၉လမ်း၊ ၈၁x၈၂လမ်းကြား၊ မေဃာဂီရိရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၅၄။ ဦးသန်းစိုး၊ ယာဉ်မောင်းအဆင့်(၂)၊ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၅၅။ ဦးထွေး၊ ယာဉ်မောင်း(၅)၊ အဝေးဆက်(ရေဒီယို) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

၅၆။ ဦးတင်ဝင်း၊ အကူယာဉ်မောင်း (စက်ရုံနှင့်မော်တော်ယာဉ်ဌာန) မြို့တော်စည်ပင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၅၇။ ဦးမောင်မောင်လွင်၊ ဈေးသည်၊ ကျောက်မီးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်လမ်း၊ မန္တလေးတိုင်း။

၅၈။ ဦးဆွဲတင်၊ တောင်သူ၊ ရန်ကင်းတောင်ရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။

၅၉။ ဦးဝင်းမြင့်၊ အငြိမ်းစား၊ အောင်မြေသာစံမြို့နယ်၊ ဌာနီအရှေ့စံခေါင် (၄၃)ကွက်၊ မန္တလေးတိုင်း။

၆၀။ ဦးစံထွန်း၊ ဆလက(အမှုတွဲထိန်း)ပင်စင်၊ အနော်ရထာလမ်း၊ ဆောက်လုပ်ရေးဝင်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၆၁။ ဦးဌေးလွင်၊ ဦးစီးမှူး(စက်မှု)၊ ကျောက်ဆည်ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၆၂။ ကိုယ်ပိုင်အမှတ်-၄၇၂၃၉ အရာခံဗိုလ်သိန်းဆွေ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆၃။ ဦးပဏ္ဍဝ၊ သံဃာတော်၊ အလယ်တိုက်ကြီး၊ ခ/၉၊ ရွှေရေးဆောင်ကျောင်းတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်း။

၆၄။ ဦးစိုးမြင့်၊ ညစောင့်၊ တရားရုံးဝန်ထမ်း၊ ဟိုပုံးမြို့နယ်တရားရုံး၊ တရားရုံးချုပ်။

၆၅။ ဒေါ်မြင့်မြင့်မာ၊ အထက်တန်းပြ၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း၊ ပညာရေးဝန်ကြီးဌာန။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❋

စာမျက်နှာ ၁၀ မှ

၆၆။ ကိုယ်ပိုင်အမှတ်-၅၄၇၂၂၅ တပ်ကြပ်ကြီးစန်းလွင်ဦး၊ ပင်မစစ်လက်နက်ပစ္စည်းတပ်(မန္တလေး) ကာကွယ်ရေးဝန်ကြီးဌာန။
၆၇။ ဦးအုန်းငွေ၊ မြို့နယ်တရားသူကြီး(ပင်စင်)၊ အမှတ်(၂၀-၈၈/၆)၊ ထွန်တုံးရပ်ကွက်၊ ၅၄X၅၅ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
၆၈။ ဦးအောင်သန့်၊ မန်နေဂျာ၊ ချမ်းမြရွှေပြည်ဟိုတယ်၊ ကျွဲဆည်ကန်ကားကြီးဝင်း၊ အကွက်(၃၇၈)၊ သန်လျက်မော်အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၆၉။ ဦးမြဝေ (မောင်မြဝေ-ယောမင်းကြီး)စာရေးဆရာ၊ အမှတ် (၁၁၁)၊ ၂၅လမ်း၊ ၈၈X၈၉ လမ်းကြား၊ အကွက် (၁၉၇)၊ နဘဲကြူးရပ်ကွက်၊ သီရိမာလာအရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၇၀။ ဦးမြင့်ဦး၊ စက်မှုကျွမ်းကျင်-၃၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပစ္စည်းဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၇၁။ ဦးဆန်းညွန့်၊ လက်သမား၊ အကွက်-၃၄၊ အမရဌာနီရှေ့၊ စံခေါင်၊ ၇၇လမ်း၊ ၉ လမ်းX၁၀လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၇၂။ အရှင်နန္ဒ၊ သာသနာ့ဝန်ထမ်း၊ သောင်းရတနာကျောင်းဆောင်၊ ရဲပဒိုင်ကျောင်းတိုက်၊ တကောင်းရပ်ကွက်၊ စစ်ကိုင်းတိုင်း။
၇၃။ ဦးတင်ထွန်း၊အရောင်းအဝယ်၊အကွက်(၇၂၀)၊အမှတ်(၅၉) မောက်မယ်ဝင်း၊ ၇၃X၇၄ လမ်း၊ ၂၈X၂၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၇၄။ ဦးမင်းစိန်၊ ဓာတ်ခွဲခန်းကျွမ်းကျင်(၄)၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ရှေ့တန်းတိုင်းအထွေထွေမန်နေဂျာရုံး၊ သတ္တုတွင်းဝန်ကြီးဌာန။
၇၅။ ဒေါ်ခင်တုတ် (ခ) မနှင်းငွေ၊ တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။
၇၆။ ဦးတင်မြင့်၊ ဦးစီးအရာရှိ၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန (ပြင်ပသင်တန်း)၊ ပညာရေးဝန်ကြီးဌာန။
၇၇။ လေ/၁၇၃၈၅ အုပ်ခွဲတပ်ကြပ်ကြီးအောင်မြင့်၊ အင်ဂျင်ပြင်ဌာန၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၇၈။ ဒေါ်ခင်မာဝင်း၊ လုံခြုံရေး(၅)၊ လုံခြုံရေးနှင့်မီးသတ်ဌာန(ခန့်ခွဲ)၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)၊ ကာကွယ်ရေးဝန်ကြီးဌာန။
၇၉။ ဦးလှထွေး၊ လုပ်သားမှူး(ဥယျာဉ်)၊ နိုင်ငံတော်သမ္မတရုံး။
၈၀။ ဦးမင်းညွန့်၊ အလုပ်ရုံစုမှူး၊ စက္ကူစက်ရုံခွဲ၊ စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၈၁။ ဦးဇော်မင်းအောင် ကြီးကြပ်ရေးမှူး၊ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန၊ ကြို့ကုန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။
၈၂။ ဦးမြင့်ကြည်၊ သစ်စစ် (၅)၊ အမှတ်(၂) သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၈၃။ ဒေါ်လှလှခိုင်၊ လုပ်သားမှူး(မြေစာ)၊ မြို့တော်စည်ပင် (ရာဖြတ်ဌာန)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၈၄။ ဦးခင်အေး၊ ကျွမ်းကျင်-၅၊ မြို့တော်စည်ပင်၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၈၅။ ဦးအုန်းဝင်း၊ ထုတ်လုပ်ရေးကျွမ်းကျင် (၄)၊ အမှတ်(၂) အထည်စက်ရုံ၊ အရှေ့မရမ်းကုန်း၊အထည်စက်ရုံ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။
၈၆။ ကိုယ်ပိုင်အမှတ်-၂၄၀၆၁ တပ်ကြပ်/၄၇ စိုးရွှေ၊ အမှတ်(၂၃) ရေတပ်အုပ်ချုပ်ရေးတပ်၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၈၇။ လေ/၂၀၃၄၇တပ်ကြပ်ကြီးဖုန်းနိုင်၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၈၈။ ဦးသန်းဌေး၊ မီးသတ်တပ်ကြပ်၊ အမှတ်(၁) သစ်စက်၊ ကြည့်မြင်တိုင်၊ သစ်တောရေးရာဝန်ကြီးဌာန။
၈၉။ ဦးကျော်ဇော၊ သစ်စစ်(၅)၊ အမှတ်(၆)သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၉၀။ ဦးမြင့်ရွှေ၊ လုပ်သားမှူး၊ အမှတ်(၆)သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၉၁။ ဦးသိန်းစိုး၊ သန့်ရှင်းရေး၊ မြို့တော်စည်ပင်(ဈေးများဌာန)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။
၉၂။ ဒေါ်ဆွေဆွေဦး၊အလယ်တန်းပြ၊ အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၉၃။ ဒေါ်လဲ့လဲ့သိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ လေ့ကျွမ်းဌာနခွဲ၊ စာရင်းစစ်ချုပ်ရုံး။
၉၄။ ဦးကြင်ဆွေ၊ ရုံးအကူ၊ မြို့နယ်တရားရုံး၊ ဒလမြို့နယ်၊ တရားရုံးချုပ်။
၉၅။ ဦးဉာဏ်မြင့်၊ စက်မှုကျွမ်းကျင်(၅)စက်ပြင်၊ မော်တော်ယာဉ်ဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၉၆။ ဦးခင်မြင့်၊ ပုံနှိပ်ကျွမ်းကျင်-၄၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ပုံနှိပ်စီစဉ်ရေးဌာနစိတ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၉၇။ ကိုယ်ပိုင်အမှတ်-၅၁၃၅၉၁ ဒုအရာခံဗိုလ်သိန်းအောင်၊ စာရေး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (စစ်ထောက်ချုပ်ရုံး)၊ ကာကွယ်ရေးဝန်ကြီးဌာန။
၉၈။ လေ ၁၆၇၄၄ အုပ်ခွဲတပ်ကြပ်ကြီးထိန်ရှင်း၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၉၉။ လေ ၁၉၇၉၈ တပ်ကြပ်ကြီးနေလင်း၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၀၀။ ဦးလှမြင့်၊ အလုပ်သမား၊ လုံခြုံရေးဌာန၊ အမှတ်(၁၄)သစ်စက်၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀၁။ ဦးခင်မောင်လှိုင်၊ ပစ္စည်းထိန်း(၄)၊ အမှတ်(၂)သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀၂။ ဦးတင်ဇော်ဝင်း၊ အကြီးတန်းစာရေး၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန(ရုံးချုပ်)၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀၃။ ဦးသန့်ဇင်၊ လက်သမားအဆင့်(၄)၊ အမှတ်(၃)ပရိဘောဂစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀၄။ ဦးလှသန်း၊ စက်ကိုင်အဆင့်(၄)၊ အမှတ်(၁) ပရိဘောဂစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀၅။ ဦးအောင်စံလှ၊ လုပ်သားမှူး၊ အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀၆။ ဦးခင်မောင်ဖုန်း (မ-၃၉၂၅)၊ မီးသတ်တပ်ကြပ်ကြီး၊ သရက်မြို့နယ်၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၁၀၇။ ဒေါက်တာဝင်းမာထွန်း၊ မျက်စိအထူးကုဆရာဝန်၊ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်း၊ မြင်းခြံမြို့ပြည်သူ့ဆေးရုံ၊ ကျန်းမာရေးဝန်ကြီးဌာန။

ရဲသူရိန်တံဆိပ်

၁။ ဦးနိုင်ဦး(မ-၃၆၆၆)၊ ဒု-မီးသတ်ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၂။ သန်းဇော်(မ-၅၂၄၅)မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၃။ ဦးသင်းဌေးရွှေ(မ-၃၆၁၆)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။
၄။ ဦးလှမြင့်(မ-၃၆၄၀)၊ ဦးစီးအရာရှိ၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ရဲကျော်စွာတံဆိပ်

၁။ လ-၁၁၈၀၅၈ ရဲအုပ်ညီညီ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။
၂။ ဦးကျော်နိုင် (မ-၄၆၀၇)၊ ဦးစီးအရာရှိ၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၃။ ဦးမြင့်ဇော်(မ-၃၂၈၇)၊ ဦးစီးအရာရှိ၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၄။ ဦးမြကြိုင် (မ-၃၈၇၄)၊ ဒု-မီးသတ်ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၅။ ဦးမျိုးထွဋ်ဦး (မ-၅၇၀၉)၊ ဒု-မီးသတ်ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၆။ ဦးနေအေး (မ-၃၆၁၇)၊ ဒု-မီးသတ်ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၇။ ဦးခင်ရှိန်၊ တပ်ခွဲမှူး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၈။ ဦးမင်းမင်း၊ တပ်ခွဲမှူး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

ရဲကျော်သူတံဆိပ်

၁။ လ-၅၇၇၁၅၊ ဒုတိယရဲမှူးမောင်မောင်ကြည်၊ ကယားပြည်နယ်ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။
၂။ အောင်ချို(မ-၆၁၃၅)၊ မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၃။ တပ်ကြပ်ကြီးလှတင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ တပ်ကြပ်ကြီးအောင်လွင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ တပ်ကြပ်ကြီးစန်းအောင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၆။ တပ်ကြပ်ကြီးဝင်းအောင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၇။ ဒုတပ်ကြပ်ကျော်ကျော်စိုး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

အမိန့်အရ-

ပုံ -

သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရွှေပြည်ဟိန်းကျောင်း တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၈ရက် ညတွင် ရွှေပါရမီအရှင်ဆန္ဒာဓိက၊ ၉ ရက်ညတွင် ရွှေပြည်ဟိန်း ဆရာတော် သီတဂူကြာတစ်ပွင့်အရှင်ခေမာသီရိလင်္ကာရ၊၁၀ရက်ညတွင် မဟာမြိုင် ဦးသာသန၊ ၁၁ ရက်၊ ၁၂ညများတွင် ဓမ္မစေတီအရှင် ကောသလ္လတို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဘဏ္ဍာ/ အခွန်ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ကုန်သေတ္တာစခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေသည် ဇန်နဝါရီ၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်းသို့ ရောက်ရှိပြီး X Ray Machine စက်ကို ကြည့်ရှု စစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ခံ အရာရှိက စက်အစိတ်အပိုင်းများကိုအသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးအား ကုန်သေတ္တာစခန်းအတွင်း၌ သက်ဆိုင်ရာ တာဝန်ခံအရာရှိများက ပို့ကုန်/သွင်းကုန် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဌာနခွဲများအလိုက် ရှင်းလင်းတင်ပြရာ ဒုတိယ ဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

(ယာပုံ) (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဆောက်လုပ်ရန် ပြွန်တန်ဆာမြို့ ဓမ္မာအေးတောရကျောင်းတိုက်ကျေးဇူးတော်ရှင် အင်းဝိုင်းဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိဇယနှင့်တပည့်ဒါယကာ၊ ဒါယိကာမများက အလှူငွေကျပ်ခြောက်သိန်း ရှစ်သောင်းကိုဦးခင်မောင်အေး (ဒုတိယဥက္ကဋ္ဌ)နှင့်ဦးဌေးမြင့်(ဘဏ္ဍာရေးမှူး)တို့သို့ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဒဿနိကဗေဒ ဆရာ၊ ဆရာမများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၅

ဒဿနိကဗေဒမိသားစု၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

ဒဿနိကဗေဒ (နေ့) ကျောင်းသား၊ ကျောင်းသူများနှင့် အဝေးသင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအားလုံး ဆရာများအား လာရောက်ကန်တော့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်း

လှူဒါန်းလိုသူများသည်ပါမောက္ခဌာနမှူး ဒဿနိကဗေဒဌာန ဖုန်း-၅၃၅၇၂၉၊ ဒဂုံတက္ကသိုလ် ဒဿနိကဗေဒ ဌာနမှူး ဖုန်း-၅၈၄၅၆၉ (လိုင်းခွဲ-၃၅၇)၊ အရှေ့ပိုင်းတက္ကသိုလ် ဒဿနိကဗေဒဌာနမှူး ဖုန်း-၀၅၆ ၂၁၈၇၅ (လိုင်းခွဲ-၁၂၆)၊ အနောက်ပိုင်း တက္ကသိုလ် ဒဿနိကဗေဒ ဌာနမှူး ဖုန်း-၆၁၀၈၃၃ (လိုင်းခွဲ-၂၈)၊ အဝေးသင်တက္ကသိုလ် ဒဿနိကဗေဒ ဌာနမှူး ဖုန်း-၅၃၆၅၃၁ (လိုင်းခွဲ-၂၃)နှင့် ဦးမောင်ဝင်း ဖုန်း-၅၀၃၁၄၇၊ ၅၂၇၁၉၇၊ ဦးကြည်ဝင်း ဖုန်း-၅၂၅၆၁၆၊ ဦးမြင့်ဆွေ ဖုန်း-၇၂၃၁၅၇၊ ဦးအုန်းစိန် ဖုန်း-၀၉ ၉၉ ၇၀၈၉၁၊ ၂၂၀၆၃၄၊ ဦးကျော်ဆွေ ဖုန်း-၅၅၆၈၉၄၊ ကိုအောင်ကျော်မိုး ဖုန်း-၅၃၄၁၄၅၊ ၂၀၂၈၁၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၅

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ကျောင်းသူများ၏အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။ ကျောင်းသား၊ကျောင်းသူဟောင်းများဖြစ်ကြသော ဦးသန်းထွန်း၊ ဒေါ်သန်းသန်းမြင့် (ခ) ဒေါ်ငယ်ငယ် မိသားစုတို့က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က လက်ခံရယူသည်။ (က-ပ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ တတိယနေ့ ပြသ

ရန်ကုန် ဇန်နဝါရီ ၅

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို တတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ဖွင့်လှစ်ပြသရာ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ ကြည့်ရှုအားပေးကြသည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က သာကေတမြို့နယ် အထက(၁) မြဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင် ဖတ်ကြားစဉ်။ (၅၃)

ထို့ပြင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရဟန်းရှင်လူပြည်သူများက ပြခန်းများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများက ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၏ Computer Quiz အစီအစဉ်နှင့် Soft Guide Computer Co., ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲတွင် ဗဟိုပြကွက်အဖြစ် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဓာတ်ပုံနှင့် လွတ်လပ်ရေးနှင့် သက်ဆိုင်သည့် အဆိုအမိန့်များ၊ လူသားအစ မြန်မာက ပြကွက်၊ ရှေးဟောင်း မြန်မာနိုင်ငံတော်များ ပြကွက်၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်း၊ လွတ်လပ်ရေး ထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုများ ပြကွက်၊ ရှုခင်းသာယာ ပြည်မြန်မာရောင်စုံ ဓာတ်ပုံပြကွက်၊ ရှုချင့်စဖွယ်အမျိုးသားယဉ်ကျေးမှု ရောင်စုံဓာတ်ပုံပြကွက်၊ ခေတ်မီ ဘက်စုံ တည်ဆောက်ရေးမြင်ကွင်း ရောင်စုံဓာတ်ပုံပြကွက်များကို ခင်းကျင်းပြသထားသည့်အပြင် မျက်မှောက်ခေတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြသည့်ဝန်ကြီးဌာန ပြခန်းများဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြခန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြခန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြခန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြခန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြခန်းနှင့် နိုင်ငံသစ် ဆီတို့ဦးတည် တက်ညီလက်ညီ ချီတက်မည်ပြခန်းတို့ကို ခင်းကျင်းပြသထားသည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ပုဂ္ဂလိက စာအုပ်ဆိုင်များက စာအုပ်စာတမ်းများကို ရောင်းချပေးလျက်ရှိရာ ပြပွဲလာပရိသတ်များ ဝယ်ယူအားပေးကြသည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၁ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ပြန်ကြားရေး ဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲတွင် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာ့တုန်းတာ ကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့တုန်းတာ ကုန်စည်ပြပွဲ ၂၀၀၅ ကို ဇန်နဝါရီ ၂၆ရက်မှ ၃၀ ရက်ထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် တုန်းတာ ကုမ္ပဏီလီမိတက်မှ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာအမျိုးမျိုး၊ ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံးရေမွှေးများ၊ လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ လယ်သမားသုံး ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ ကားပေါ်လစ်များ၊ သံချေးချွတ်ဆေးများ၊ မြက်ရိတ်စက်များ၊ ကော်အမျိုးမျိုး၊ သစ်ဖြတ်စက်များ၊ အလူမီနီယံလှေကားများ၊ မီးစက်များ၊ သော့အမျိုးမျိုး၊ ကြမ်းခင်း၊ မျက်နှာကြက်၊ အိမ်တွင်း အလှဆင်ပစ္စည်းများ၊ မိတ္တူကူးစက်၊ လေဆာပရင်တာပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထို့ပြင် ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲများ၊ တေးဂီတ ဖျော်ဖြေပွဲများအပြင် အထူးအစီအစဉ်အဖြစ် ပန်းချီ ရေးဆွဲပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၄ ရက် နောက်ဆုံးထား၍ တုန်းတာကုမ္ပဏီလီမိတက် ဖုန်း-၂၉၈၁၂၈၊ ၂၉၅၆၁၃ တို့သို့ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်မှ ကြီးမှူးပြီး (၃၅)နှစ်မြောက် ၄က်ခါးမိသားစု ကြက်တောင်ပြိုင်ပွဲကို ဇန်နဝါရီ ၂ရက်က အမျိုးသား ကြက်တောင်အားကစားခန်းမ၌ဆက်လက်ကျင်းပရာ အမျိုးသား လူသစ်တန်းပြိုင်ပွဲ၌ ကောင်းဇော်နိုင် ပါဝင်ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** သံယုတ္တနိကာယလာ ကိုယ်ကျင့်တရား (အရှေ့တိုင်းမြန်မာစာ၊ ဒဿနိက၊ ရသ)
၅:၃၅	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း**
၆:၅၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပင်လယ်ကြီးလောက်ချစ်တယ်" (အပိုင်း-၃၁)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြန်မာ့ရှုခင်း
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီးဘုန်းမီးနေလ" (အပိုင်း-၉)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း [ဗဟန်း (၃) လမ်း မှတ်တိုင်အနီး] တွင် ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်မကြီး ဒေါ်ညွန့်ရီ ကွယ်လွန်ခြင်း (၁၂)နှစ်မြောက်နှင့် ကွယ်လွန်သူ ဖခင်ကြီး Dr. ဦးကိုလေးနှင့် မိခင်ကြီး Dr. ဒေါ်စောလှိုင်တို့အား ရည်စူး၍ ဒေါ်သန်းသန်းနှင့်မိသားစု၊ ဦးမောင်မောင်ဝင်း-ဒေါ်ဥမ္မာလွင်၊ မဖြိုးခိုင်ဇင်နှင့် မောင်ရန်ရှင်း မိသားစုတို့က အလှူငွေကျပ်တစ်သိန်းငါးသောင်းကို ဦးစိုးမြတ်အောင် (အတွင်းရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်မွမ်းမံမှု အောင်မြင်ခြင်း ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း သန်လျင်မြို့၌ တည်ထားကိုးကွယ်သော ကျိုက်ဖောဝိ စေတီတော်မြတ်ကြီး၊ မဟာအတုလမာန်အောင် ရုပ်ရှင်တော်မြတ်ကြီးနှင့် ဂန္ဓကုဋိကျောင်းတော်ကြီး၊ သိမ်(**ယာပုံ**) အစရှိသော သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးမှု အောင်မြင်ခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ယမန်နေ့ မွန်းလွဲ၂နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီး ပရိဝုဏ်ရှိ ဂန္ဓကုဋိကျောင်းတော်ကြီး၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မရမ်းကုန်းမြို့နယ် ကလေးဝတောရ စာသင်တိုက် ပဓာနနာယကဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံစာသင်တိုက် ပဓာန နာယက (ယော)ဆရာတော် တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင် ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုကြသည်။

ကျိုက်ဖောဝိ စေတီတော်မြတ်ကြီး၊ မဟာအတုလမာန်အောင် ရုပ်ရှင်တော်မြတ်ကြီးနှင့် ဂန္ဓကုဋိကျောင်းတော်ကြီး၊ သိမ်အစရှိသော သာသနိကအဆောက်အအုံများကို ၃၁ဘုံကိုယ်စား စေတနာရှင် အလှူရှင် ဓမ္မမိတ်ဆွေများစုပေါင်း၍ လုပ်အားနှင့် အလှူငွေများဖြင့် ဘက်စုံပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းများသို့ထောက်ပံ့သည့် စက်ဘီးများကို ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်အား ပေးအပ်စဉ်။ (ရန်ကုန်တိုင်း)

ပဲခူးတိုင်း မင်းလှမြို့ လစကြာစေတီတော် ဗုဒ္ဓပူဇနိယပွဲနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း မင်းလှမြို့ မဟာဇေယျကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် ရှေးဟောင်းသမိုင်းဝင် တိလောကမာရဇိ ဗုဒ္ဓလစကြာစေတီတော်မြတ်၏ နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၁၈ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ရွှေပြားသင်္ကန်း ၉x၉လက်မအရွယ် အချပ် ၄၀၀၀ ကို တစ်ချပ်လျှင်ကျပ် ၅၀၀၀ နှုန်းဖြင့် အလှူခံလျက်ရှိပြီး မတ် ၁ရက်နှင့် မေ ၁ရက်တို့တွင် ကပ်လှူပူဇော်မည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ ပါရမီရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဆရာတော်ကြီး မဟာဇေယျကျောင်းတိုက် မင်းလှမြို့ ဖုန်း-၀၅၃-၃၀၂၀၅၊ ဗိုလ်ကြီးမြင့်အောင် (ငြိမ်း) ဖုန်း-၀၁-၆၉၀၀၆၂၊ ဦးသန်းစိုး ဖုန်း-၀၁-၃၇၆၆၈၅၊ ၀၁-၅၃၄၇၃၆၊ ဦးတင်အောင် ဖုန်း- ၀၁-၅၂၆၇၃၅၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၅၆၀၃၇၊ ဒေါ်ညွန့်ညွန့် ဖုန်း-၀၁-၂၄၅၃၉၅၊ ဦးကျော်စိုး ဖုန်း-၀၅၃-၃၀၁၀၅ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆိုင်ရာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆိုင်ရာရှင်းလင်းပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ မိခင်နှင့်ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသို့ ထောက်ပံ့သည့် စက်ဘီး ၁၃စီးကို ရန်ကုန်အနောက်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်သို့ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင် အတွင်းရှိ မြို့နယ်များမှ အသင်းဝင် အဆိုပြုလွှာ ၁၉၀၃၅စောင်ကိုပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်းဘဲတန်းမြို့နယ် (၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက်ကကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် (၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၅၂၉)

နှစ်ငါးဆယ်ပြည့် DMA သင်တန်းရွှေရတုနှစ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံတွင် စီမံအုပ်ချုပ်မှုပညာဘာသာရပ်များကို စတင်သင်ကြားပေးခဲ့သည့် DMAသင်တန်းများသည် ယခုအခါ နှစ်ငါးဆယ်ကာလအတွင်းသို့ ဝင်ရောက်လာပြီ ဖြစ်သည့်အလျောက် ရွှေရတုနှစ်အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်နယ်မြေရှိ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပတ္တမြားခန်းမ၌ ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲသို့ DMA ဒီပလိုမာဘွဲ့ရ ပုဂ္ဂိုလ်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

စိန့်မေရီဒိုင်အို အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၅

စိန့်မေရီဒိုင်အို ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဘုရားရှိခိုးကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် သင်္ဃန်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၅ရက်က သုဝဏ္ဏ (၂၅) ရပ်ကွက် စိန်ပန်းမြိုင်လမ်းရှိ မြို့နယ်အသင်းရုံး၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ချို ခြောက်လမှ တစ်နှစ်တန်းပြိုင်ပွဲတွင် ပထမဆုရ ကလေးအား ဆုချီးမြှင့်စဉ်။ (၅၀၆)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၅

ဦးကျော်ဆန်းဦးသည် ကစားဖော်များ ဖြစ်ကြသော ဦးတင်မြင့်၊ ဦးဖုန်းကြူဖေနှင့် ဦးမြင့်သိန်းတို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Dunlop Maxtli No. 1 ဘောလုံးကို Callaway Big Berther No.6 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၅၄ကိုက် အကွာအဝေးတွင်ရှိသော အမှတ်(၅) ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း စွမ်းအားမြင့် အေဝမ်းမီးဖိုများ ဖြန့်ဝေ

ရန်ကုန် ဇန်နဝါရီ ၅

ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းတိုးဦးဆောင်သော သစ်တောဝန်ထမ်းများသည် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းနယ်မြေများဖြစ်သော ဘုရားကုန်းကျေးရွာ၊ စည်သာအေးကျေးရွာနှင့် ဟေဖရုံကျေးရွာရှိ ပြည်သူလူထုအင်အား ၅၀၀ခန့်အား ဒီဇင်ဘာ ၂၄ ရက်နှင့် ၃၀ ရက်များတွင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးဆိုင်ရာ၊ သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် စွမ်းအားမြင့်မီးဖိုသုံးစွဲမှု သရုပ်ပြပွဲများပြုလုပ်၍ စွမ်းအားမြင့်မီးဖို အလုံး ၄၀၀ကို ကျေးရွာအရောက် ဖြန့်ဝေပေးခဲ့သည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်–မိုးမောက် ကားလမ်း စတင်ဖောက်လုပ်ခြင်းအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၅

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်–မိုးမောက်ကားလမ်း စတင်ဖောက်လုပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၈နာရီတွင် လွယ်ဂျယ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှေ့ကွင်းပြင်၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်ဂရက်လွှတ်တော် နိုင်ငံရေးအတိုင်ပင်ခံ မစ္စတာကွမ်ကိုကျုံနှင့် တာဝန်ရှိသူများ၊ လွယ်ဂျယ်–မိုးမောက်ကားလမ်းဖောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကိုယ်စားလှယ် မစ္စတာလီချန်ရင်နှင့် တာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လမ်းဖောက်လုပ်ရေးအဖွဲ့မှဝန်ထမ်းများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးမောင်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာမုန်ပီကွမ်၊လုံချွမ်ခရိုင် ပြည်ပချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ခရိုင်ဝန် မစ္စတာခွန်လယ်ကန်၊ လုံချွမ်ခရိုင် လွယ်ဂျယ်–မိုးမောက်ကားလမ်း ဖောက်လုပ်ရေး ကုမ္ပဏီလီမိတက် ကိုယ်စားလှယ် မစ္စတာလီချန်ရင်တို့က လမ်းဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်ဂရက်လွှတ်တော်နိုင်ငံရေးအတိုင်ပင်ခံ မစ္စတာကွမ်ကိုကျုံက တိုင်းမှူးနှင့် တာဝန်ရှိသူများအား လွယ်ဂျယ်–မိုးမောက် ကားလမ်း စတင်ဖောက်လုပ်ခြင်းအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဘက်မှ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ အင်ဂျင်နီယာချုပ် ဦးမောင်မောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်၊ ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်ဝင်း၊ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တောင်တွင်းကြီးမြို့ အောင်မြင်ဇေယျဘုရားကြီး ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆက်သွယ်ရေး)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြု

- ✳ စိုးမိုး(ပုသိမ်)၏ **"ငါတို့ပြည်"** **(ကဗျာ)** စာမျက်နှာ (၂)

●●●●●●●●●●●

- ✳ တက္ကသိုလ်မြတ်သူ၏ **"အမျိုးသားညီလာခံမှသည်–စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သို့"** **(ဆောင်းပါး)** စာမျက်နှာ (၈)

သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း မြစိမ်းရှင် အထွေထွေစီးပွားရေး သမဝါယမအသင်း လီမိတက်၏ Super Market အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သမဝါယမ)

ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် တယ်လီဖုန်းဆက်သွယ်မှုစနစ်ကောင်းမွန်ရေးစီမံ အောင်မြင်ဇေယျဘုရားကြီး တည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဇန်နဝါရီ ၂ရက်တွင် တောင်ငူမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး တယ်လီဖုန်းဆက်သွယ်မှုစနစ်များ ကောင်းမွန်ချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၂၂၂) သာဝတ္ထိကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော ခရီးသွားပြည်သူများ သက်သာချောင်ချိစွာ နားနေနိုင်မည့် အဆင့်မြင့်နားနေဆောင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ၃ရက်တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့သို့ ရောက်ရှိပြီး အောင်မြင်ဇေယျဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ၄ရက်တွင် ပုဂံ–ညောင်ဦးမြို့ နန်းမြင့်မျှော်စင်နှင့် ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။ယင်းနောက် ဝန်ကြီးသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် အေးချမ်းစွာ လာရောက်လေ့လာနေကြသော ပြည်ပခရီးသွားများနှင့် တွေ့ဆုံသည်။ (သတင်းစဉ်)

သာကေတမြို့နယ်လုံးကျွတ် အခြေခံစားကုန်နှင့်ကုန်မျိုးစုံဆိုင်များ အောင်မြင်စွာ ဖွင့်လှစ်ပြီးမြောက်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာ့သမဝါယမ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကို ကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ကဦးဆောင်ပြီး ရန်ကုန်မြို့ သာကေတမြို့နယ်လုံးကျွတ် အခြေခံစားကုန်နှင့် ကုန်မျိုးစုံအရောင်းဆိုင်များ အောင်မြင်စွာ ဖွင့်လှစ်ပြီးမြောက်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးရဲအောင်က **စာမျက်နှာ ၇ ကော်လံ ၃ သို့** ❍